မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၁၅)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　ဩဂုတ်　၁၇

၂၀၁၁ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။　(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　ဩဂုတ်　၁၇

၂၀၁၁ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။　(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　ဩဂုတ်　၁၇

၂၀၁၁ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။　(သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့် နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နေပြည်တော်လွှတ်တော်ရုံးသို့ လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော်　ဩဂုတ်　၁၆

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် နေပြည်တော်လွှတ်တော်ရုံးသို့ ဩဂုတ် ၁၉ ရက်ထက်မစော ၂၀ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်　ဩဂုတ်　၁၇

၂၀၁၁ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ အာအမ် မာတီ အမ်နာတာလီဂါဝါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။　(သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ကိုယ်စားလှယ်များ ပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။　(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အမျိုးသားရေးအမြင်ဖြင့် ပြုလုပ်သည့်ပွဲဖြစ် နိုင်ငံတော်အဆင့် ပြိုင်ပွဲဖြစ်သည်နှင့်အညီ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အလေးအနက်ထားဆောင်ရွက်

ယခုပြိုင်ပွဲတွင် ဘာသာရပ်အစုံ၊ အဆင့်အစုံ အရေအတွက် ပိုမိုတိုးတက်ယှဉ်ပြိုင်နိုင်အောင် ကြိုးစား

နေပြည်တော်　ဩဂုတ်　၁၆

၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ သဘင်၊ ဂီတပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များအား မှာကြားရာတွင် ယခုပြုလုပ်မည့်ပြိုင်ပွဲသည် အမျိုးသားရေးအမြင်ဖြင့် ပြုလုပ်သည့်ပွဲဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုဓလေ့စရိုက်များသည် အသွင်သဏ္ဌာန်အားဖြင့် ကွဲပြားသော်လည်း အနှစ်သာရအားဖြင့် အခြေခံတူညီကြပါကြောင်း၊ ယဉ်ကျေးသိမ်မွေ့သည့် အနုပညာရပ်များသည်လည်း အသီးသီးကြွယ်ဝကြပါကြောင်း။

အလေးအနက်ထား

ယခုပြိုင်ပွဲသည် နိုင်ငံတော်အဆင့် ပြိုင်ပွဲဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သက်ဆိုင်ရာ အစိုးရအဖွဲ့များအနေဖြင့် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အလေးအနက်ထား ဆောင်ရွက်သွားကြစေလိုကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ◆

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၁၇ ရက်)

ပြည်ပပို့ကုန်(၇)မျိုး ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြု တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းစေမည်

ယနေ့နိုင်ငံတကာတွင် နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံသည်လည်း တိုင်းရင်းသားပြည်သူများ၏ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၏စီးပွားရေးကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်လျက်ရှိသည်။

ယခုအခါ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပို့ကုန်တိုးမြှင့်နိုင်စေရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ဈေးနှုန်းအရ ပြိုင်ဆိုင်လာနိုင်စေရန်ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၁)ကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့ရက်စွဲဖြင့် ပြည်ပပို့ကုန်အမျိုးအစား(၇)မျိုး ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည့် အမိန့်ကြော်ငြာစာကို ဩဂုတ်လ ၁၅ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကင်းလွတ်ခွင့်ပြုခဲ့သည့် ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုးမှာ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချိုရေငန်ရေထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ (ကန့်သတ်ကုန်ပစ္စည်းများမှအပ) စသည်တို့ဖြစ်ကြပြီး အဆိုပါ ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုး၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို (၁၅-၈-၂၀၁၁)မှ (၁၄-၂-၂၀၁၂)ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုလိုက်ပြီဖြစ်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ်(၁၀၈/၂၀၁၁)ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနောက်ဆက်တွဲ ဇယား ၁ မှ ဇယား ၆ အထိတွင်ပါရှိသော ကုန်ပစ္စည်းအမျိုးမျိုးကို ပြည်ပသို့တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ရစ်ရာခိုင်နှုန်းကို ရရှိသည့်နိုင်ငံခြားငွေဖြင့် ပေးဆောင်ရန် သတ်မှတ်ထားခြင်းအစား ဇူလိုင် ၁ ရက်နေ့မှစ၍ ငါးရာခိုင်နှုန်းသာ ပေးဆောင်ရန်လည်းကောင်း၊ တစ်ဖန်အမိန့်ကြော်ငြာစာအမှတ်(၁၄၂/၂၀၁၁)ဖြင့် ၄င်းကုန်စည်တစ်မျိုးမျိုးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတို့တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေရရှိပါက ယင်းရောင်းရငွေစုစုပေါင်း၏ ရစ်ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ကျပ်ငွေဖြင့်ပေးဆောင်ရန် သတ်မှတ်ထားခြင်းအစား ဩဂုတ် ၁၅ ရက်မှစ၍ ငါးရာခိုင်နှုန်းသာ ပေးဆောင်ရန် လျှော့ပေါ့သတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အမြဲမပြတ်လေ့လာစောင့်ကြည့်သုံးသပ်ပြီး ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုး၏ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုခဲ့ခြင်းကြောင့် တောင်သူလယ်သမားများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ ရေလုပ်ငန်းသမားများ၊ မွေးမြူရေးလုပ်ငန်းသမားများအပါအဝင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအတွက် များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

အခြေခံပညာကျောင်းများ အားကစားကဏ္ဍဖွံ့ဖြိုးရေး ရှင်းလင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၆

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်အား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ဩဂုတ် ၆ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်နယ်ပညာရေးမှူး၊ ရှမ်းပြည်နယ်ရှိ ခရိုင်အသီးသီးမှ ခရိုင်ပညာရေးမှူးများ၊ တောင်ကြီးမြို့ပေါ်ရှိ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့်တွေ့ဆုံ၍ အခြေခံပညာကျောင်းများ၏ အားကစားကဏ္ဍဖွံ့ဖြိုးရေး၊ ကျောင်းသားကျောင်းသူများ ကျန်းမာရေးအတွက် စီစဉ်ဆောင်ရွက်လေ့ကျင့်ပေးမှုများနှင့်စပ်လျဉ်း၍ နည်းပြ၊ နည်းစနစ်မှုးနှင့်နည်းပညာကူညီပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျွန်းလှ၌ သင်တန်းဖွင့်

ကျွန်းလှ ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနကကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ကြက်ခြေပြာသင်တန်း (၁/၂၀၁၁) ဖွင့်ပွဲကို ဩဂုတ် ၁၀ရက်နံနက် ၉ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာညွန့်သောင်းက အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူးဒေါက်တာဝင်းခန့်နှင့် ဒေါက်တာအောင်ကိုကိုမင်းတို့က ဝက်နားရွက်ပြာရောဂါနှင့်အခြားတိရစ္ဆာန်မှကူးစက်ရောဂါများကာကွယ်ထိန်းချုပ်ရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း ပို့ချခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွန်ပျူတာနှင့် ရုံးလုပ်ငန်းသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ် (၂၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက အမှတ် (၁၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ သင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ပြည်တွင်းအခွန်)**

ပေါင်စနစ်ဖြင့်စိုက်ပျိုးနည်း ဇလွန်၌ လက်တွေ့သရုပ်ပြ

ဇလွန် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မေရီလန်းကျေးရွာအုပ်စု တောင်သူဦးသန်းလွင်၏ ဆင်းသုခမျိုးသန့် မျိုးပွားမျိုးစေ့ တောင်သူပညာပေးစံပြကွက် ၁၀ဧကတွင် တစ်ဧကတင်း ၁၀၀နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၊ ပျိုးသက် ၂၀ရက်သားတွင် ပျိုးပင်ချက်ချင်းနုတ်ကာ စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ ဇလွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ လယ်ယာကုန်ထုတ်အသင်းများမှ တောင်သူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသိုက်စိုးက ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဝန်ထမ်းများက လက်တွေ့ပျိုးနုတ် စိုက်ပျိုးပြသခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၂၄ ရက်က အောင်ဆန်းလမ်း တစ်လျှောက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘားအံ၌ ကတ္တရာထပ်ပိုးလွှာခင်း

ဘားအံ ဩဂုတ် ၁၆

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ကျော်ဇေယျလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၆ ရက်က အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

စာအုပ်နှင့်စာရေးကိရိယာများ ကျောက်ပန်းတောင်း၌ လှူဒါန်း

ကျောက်ပန်းတောင်း ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြည်တော်သာရပ်ကွက်လူငယ်များ၏ ဆွေသဟာလူမှုကူညီရေးအဖွဲ့က ချို့တဲ့ကျောင်းသားများအား စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီက ပြည်တော်သာရပ်ကွက် အုတ်ရှစ်ကုန်းအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းတို့မှ ကျောင်းသား ကျောင်းသူ ၂၂၀ တို့အား ဗလာစာအုပ် ၅၅ ဒါဇင်နှင့် ပေတံ၊ ခဲတံ၊ ခဲဖျက်များ ပေးအပ်လှူဒါန်းခဲ့ပြီး **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

◆ ရှေ့ဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပညာရှင်များစေလွှတ်၍ ပညာရပ်များ ဖြန့်ဖြူးပေးခြင်းနှင့် အထောက်အကူပြု ဆပ်ကော်မတီများဖွဲ့စည်း၍ ဆွေးနွေးခန်းများ၊ ဘာသာရပ်အလိုက် အမေးအဖြေကဏ္ဍများကို ဆွေးနွေးဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း။

အလေးအနက်ထား

ယခင်ပြိုင်ပွဲများ၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဘာသာရပ်အစုံ၊ အဆင့်အစုံပါဝင်ယှဉ်ပြိုင်မှု အားနည်းသည်ကို တွေ့ရပါကြောင်း၊ ယခုပြိုင်ပွဲတွင် ဘာသာရပ်အစုံ၊ အဆင့်အစုံအားလုံး မပါဝင်သည့်တိုင် ၂၀၀၉ ခုနှစ်ကထက် အရေအတွက် ပိုမိုတိုးတက်ယှဉ်ပြိုင်နိုင်အောင် အလေးအနက်ထား ကြိုးစားကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြိုင်ပွဲ၏ ဦးတည်ချက်များ၊ ကော်မတီ/ဆပ်ကော်မတီ ဖွဲ့စည်းထားမှုအခြေအနေ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအနေဖြင့် ပြိုင်ပွဲ၏ အသွင်သဏ္ဌာန်၊ အနှစ်သာရ ထိရောက်မှုနှင့် အရည်အသွေးကောင်းမွန်အောင် ကော်မတီအသစ် ဖွဲ့စည်းထားရှိမှု၊ ကော်မတီအလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ကော်မတီက ပံ့ပိုးဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ စတင်ကျင်းပမည့် အစီအစဉ်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ/ဆပ်ကော်မတီများဖြစ်ကြသည့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲစိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ တည်းခိုနေရာချထားရေး၊ တည်းခိုရေးစခန်း အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီနှင့် အကဲဖြတ်၊ အမှတ်ပေးကြီးကြပ်ရေးနှင့် မူဝါဒဆိုင်ရာ စာသားစိစစ်ရေးဆပ်ကော်မတီတို့မှ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဆို၊ အက၊ အရေး၊ အတီး၊ ပြဇာတ်၊ ကွက်စိပ်၊ ဇာတ်သဘင်၊ ရုပ်သေးနှင့် ခေတ်အကြိုက်တေးသီချင်း အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များက ဘာသာရပ်အလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက အလေးအနက် ပါဝင်ဆွေးနွေးကြသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲများ ကျင်းပနေမှုကို ရုပ်မြင်သံကြားမှတစ်ဆင့် Live ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ပြိုင်ပွဲများအပြီးတွင် အသွင်သဏ္ဌာန်၊ အနှစ်သာရအပိုင်းတို့တွင် တိုးတက်လာမှုများကို သုံးသပ်နိုင်ရန်အတွက် ဘာသာရပ်အလိုက် အဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

ပြိုင်ပွဲအောင်မြင်အောင် တက်တက်ကြွကြွစည်းစည်းလုံးလုံး ဝိုင်းဝန်းဆွေးနွေးကြသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေး အပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သဘင်၊ ဂီတ အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြဇာတ်ပြိုင်ပွဲ ဇာတ်ဝင်ပန်းချီကားများနှင့် အသုံးပြုမည့် နောက်ခံ Board Design တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သဘင်၊ ဂီတအနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိမိလက်အောက်ဝန်ထမ်းများ သိရှိလိုက်ပါဆောင်ရွက်နိုင်ရေး ရှင်းလင်းချပြ လုပ်ဆောင်ချက်တိုင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရန် လိုအပ်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာ၌ ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာသို့ ရောက်ရှိပြီး ညောင်ဇင်ကျောင်းကြီးတိုက် ဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီခွဲတွင် ရေဖြူမြို့နယ် ထားဝယ်ရေနက်ဆိပ်ကမ်းသို့ ရောက်ရှိပြီး I T D ကုမ္ပဏီညွှန်ခန်းမဆောင်၌ ထားဝယ်စီးပွားရေးဇုန်အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဆွေက ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ထားဝယ်ရေနက်ဆိပ်ကမ်းရှိ Max Myanmar ကုမ္ပဏီ ရှင်းလင်းဆောင်ရှိ ထားဝယ် အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံကာ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းရှိ နိုင်ငံခြားသားပညာရှင်များဝင်/ ထွက်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အခြေအနေများကိုရှင်းလင်းမှာကြားပြီး ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မည့် စုရပ်နေရာသို့သွားရောက်ကြည့်ရှုသည်။

ထို့နောက် ညနေ ၃ နာရီခွဲတွင် ထားဝယ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၊ တာဝန်ရှိသူများအားတွေ့ဆုံရာ တနင်္သာရီတိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူး ဦးညိုရွှေနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများအနေဖြင့် မိမိတာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို မိမိလက်အောက်ဝန်ထမ်းများ သိရှိလိုက်ပါဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်ရှင်းလင်းချပြရန်လိုကြောင်း၊ လုပ်ဆောင်ချက်တိုင်းသည်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရန်လိုကြောင်း မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၁၆

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၇	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၂	ကယားပြည်နယ်	၂၅	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၃	ကရင်ပြည်နယ်	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၆	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၇	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၈၀% ၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၆	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၁	မွန်ပြည်နယ်	၂၉	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၃	၁၈	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၈	၂၁	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၇	၂၁	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၅	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ် ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ် ထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေ အားအသင့်အတင့်ရှိမည်။



ဆိုလာစွမ်းအင်သုံးရေယာဉ် ဟောင်ကောင်သို့ဆိုက်ရောက်

ဟောင်ကောင် ဩဂုတ် ၁၆

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံး ရေယာဉ်သည် ဩဂုတ် ၁၅ ရက်က တရုတ်နိုင်ငံ တောင်ပိုင်း ဟောင်ကောင်သို့ ဆိုက်ရောက်လာခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (ဓာတ်ပုံ)

အဆိုပါ နေစွမ်းအင်သုံးရေယာဉ်ကို MS Turanor Planetsolar ဟု အမည်ပေးထားပြီး ၂၀၁၀ ခုနှစ် စက်တင်ဘာလက နေစွမ်းအင်ဖြင့် ကမ္ဘာတစ်ပတ် လှည့်လည်ရန် မိုနာကိုနိုင်ငံမှ စတင်ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

ယင်းနေစွမ်းအင်သုံး ရေယာဉ်သည် အရှည် ၃၁ မီတာရှိပြီး စတုရန်းမီတာ ၅၀၀ ကျယ်ဝန်းသည့် ဆိုလာပြားများ တပ်ဆင်ထားသည်။ ၎င်းရေယာဉ်သည် တစ်နာရီလျှင် ၂၅ ကီလိုမီတာနှုန်း ခုတ်မောင်းနိုင်ကြောင်း သိရသည်။ " ဆိုလာစွမ်းအင်ကို သင်္ဘောကြီးတွေမှာသုံးဖို့ အလားအလာများစွာရှိပါတယ် " ဟု ဆိုလာစွမ်းအင်ရေယာဉ်စီမံကိန်း ထူထောင်သူ ရာဖေးလ်ဒွန်ဂျန်က ပြောကြားသည်။ ဆွစ်ဇာလန်အလံစိုက်ထူထားသည့် ၎င်းရေယာဉ်သည် တန် ၆၀ ရှိပြီး ဂျာမနီနိုင်ငံ၌ ၎င်းသင်္ဘောစီမံကိန်းထူထောင်သူက ပေါင် ၁၈ သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသင်္ဘောသည် ကမ္ဘာတစ်ပတ်ပတ်ရန် ဟောင်ကောင်မှ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာကာသယာဉ်များတည်ဆောက်ရေး ကုမ္ပဏီခုနစ်ခု နာဆာရွေးချယ်

ဝါရှင်တန် ဩဂုတ် ၁၆

အာကာသသို့ စီးပွားရေးဆိုင်ရာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် အာကာသယာဉ်တစ်စင်းစီ (ယာပုံ) တည်ဆောက်ရေးအတွက် ပုဂ္ဂလိကအာကာသယာဉ်တည်ဆောက်ရေးကုမ္ပဏီခုနစ်ခုအား အမေရိကန်အမျိုးသား အာကာသအေဂျင်စီ(နာဆာ)က ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

ပြောကြား

ယင်းကုမ္ပဏီများသည် နှစ်နှစ်စာချုပ်အရ နာဆာမှနေ၍ အာကာသယာဉ် ပျံသန်းမှုနှင့်နည်းပညာဆိုင်ရာများကို အကန့်အသတ်မရှိ ရယူနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားနိုင်ကြောင်း နာဆာမှတာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ကုမ္ပဏီများအနေဖြင့် အာကာသယာဉ်များတည်ဆောက်ရာတွင် တင်ဆောင်သွားနိုင်မည့် ဝန်တန်ချိန်တွက်ချက်ခြင်းအပါအဝင် နာဆာ၏သုတေသနပြုထားမှုများနှင့် နည်းပညာဆိုင်ရာလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် စာချုပ်အရ နာဆာအား အမေရိကန်ဒေါ်လာ ၁၀သန်းပေးရမည်ဖြစ်ကြောင်း နာဆာအရာရှိများက ပြောကြားသည်။

နာဆာအနေဖြင့် နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် နည်းပညာရှင်များ၏ အခန်းကဏ္ဍတိုးတက်ကျယ်ပြန့်လာစေရန်နှင့် ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် အာကာသရေးရာ အတတ်ပညာနှင့် နည်းပညာများ ကူညီဖြန့်ဝေပေးသွားရန် ရည်မှန်းထားသည်။ အာကာသခရီးသွားယာဉ် တည်ဆောက်ရေးအတွက် နာဆာက ရွေးချယ်ထားသောကုမ္ပဏီခုနစ်ခုမှာ အမေရိကန်နိုင်ငံတက္ကဆက်ပြည်နယ် ဟိသ်မြို့အခြေစိုက် အာမာဒီလိုကုမ္ပဏီ၊ မာရီလန်းပြည်နယ် တီလ်မာမော့စ်မြို့အခြေစိုက် နီးယားစပေ့ကုမ္ပဏီ၊ ကယ်လီဖိုးနီးယားပြည်နယ် မိုဂျာဗီမြို့အခြေစိုက် မာတင်စပေ့ကုမ္ပဏီ၊ ကော်လိုရာဒိုပြည်နယ် ဟိုက်လန်းစ်ရင့်ချ်မြို့ အခြေစိုက် အာကာသကုမ္ပဏီ၊ ကယ်လီဖိုးနီးယားပြည်နယ် မိုဂျာဗီမြို့အခြေစိုက် ဗာဂျင်ဂါလက်တစ်ကုမ္ပဏီ၊ ကယ်လီဖိုးနီးယားပြည်နယ် ကာမာရီရိုမြို့အခြေစိုက် ဝစ်တင်းဟီးလ်ကုမ္ပဏီနှင့် ကယ်လီဖိုးနီးယားပြည်နယ် မိုဂျာဗီမြို့အခြေစိုက် XCOR ကုမ္ပဏီတို့ ဖြစ်ကြသည်။

(အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ

၁၆-၈-၂၀၁၁

ကောင်းမြတ်သူ - စုစည်းသည်

ကန်မောင်းသူမဲ့လေယာဉ် ပါကစ္စတန်၌ တိုက်ခိုက်

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ပြည်နယ် မီရန်ရှပ်မြို့၌ ဩဂုတ် ၁၆ ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ် ပစ်ခတ်တိုက်ခိုက်သည့်ဒုံးကျည်တစ်စင်း ဈေးတစ်ဈေးရှိအိမ်တစ်လုံးကို ထိမှန်ခဲ့သဖြင့် အနည်းဆုံး ဒေသခံလေးဦးသေဆုံးသွားခဲ့ရကြောင်း ပါကစ္စတန်ဒေသခံထောက်လှမ်းရေးအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ကွမ်တက်(စ်)လေကြောင်းလိုင်းသစ်နှစ်လိုင်း ဖွင့်မည်

ဩစတြေးလျလေကြောင်း ကုမ္ပဏီတစ်ခုဖြစ်သော ကွမ်တက်(စ်) နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း တိုးချဲ့သည့်အနေဖြင့် အာရှတွင် လေကြောင်းလိုင်းသစ်နှစ်ခု ထပ်မံဖွင့်လှစ်ပြေးဆွဲရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဩဂုတ် ၁၆ ရက်တွင် ၎င်းကုမ္ပဏီက ပြောကြားသည်။ အာရှတစ်ခွင် ခရီးသွားလုပ်ငန်းများတိုးတက်လာသည်နှင့်အမျှ လေယာဉ်သစ်များဝယ်ယူပြီး လေကြောင်းလိုင်းသစ်နှစ်လိုင်းကိုလည်း မကြာမီ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ကွမ်တက်(စ်)လေကြောင်းလိုင်း အမှုဆောင်အရာရှိ အလန်ဂျိုဆေးက ပြောကြားသည်။ *(အင်တာနက်)*

ဟူနန်ပြည်နယ်၌ ပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်ကျေးလက်ဒေသ၌ ဩဂုတ် ၁၅ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး အခြားကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၆ ရက်တွင် ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီက ဟွိုင်ဟွာမြို့နယ် ချန်စီဒေသ ကျင်ဂျားအော်ကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အစိုးရ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။ ယင်းပေါက်ကွဲမှုဖြစ်ပွားရာ နေအိမ်မှာ စီဘိုင်းယူဟုခေါ်သည့် အမျိုးသားတစ်ဦး ပိုင်ဆိုင်သည့် အိမ်ဖြစ်ပြီး ငါးဖမ်းလုပ်ငန်းသုံး ဖောက်ခွဲရေးပစ္စည်းများမှတစ်ဆင့် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

အီရတ်မြို့ကြီး ၁၇ မြို့၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

အီရတ်နိုင်ငံမြောက်ပိုင်း မြို့ကြီး ၁၇ မြို့၌ ဩဂုတ် ၁၅ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူပေါင်း ၆၃ ဦးသေဆုံးပြီး ၂၅၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းမြို့ကြီးများအနက် ဘဂ္ဂဒက်အရှေ့တောင်ဘက် ၉၅မိုင်အကွာ ကွတ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုမှာ အဆိုးရွားဆုံးဖြစ်ပြီး လူ ၃၇ဦး သေဆုံးခဲ့ရသည်။ *(အင်တာနက်)*

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

ပင်လယ်ရေကြောင်းဆိုင်ရာ ဂြိုဟ်တု တရုတ်အောင်မြင်စွာလွှတ်တင်

တေယန် ဩဂုတ် ၁၆

တရုတ်နိုင်ငံက ပင်လယ်ရေကြောင်းဆိုင်ရာ စူးစမ်းလေ့လာရေးဂြိုဟ်တု တစ်လုံးကို ဩဂုတ် ၁၆ရက် ပေကျင်းစံတော်ချိန် နံနက် ၆ နာရီ ၅၇ မိနစ်၌ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ ***(ဓာတ်ပုံ)***

သယ်ဆောင်

အဆိုပါဂြိုဟ်တုကို တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ် တေယန်မြို့အနီး တေယန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်ခြင်းဖြစ်ပြီး လောင်းမတ်ချ်-၄ ဘီ ဒုံးပျံဖြင့် ကမ္ဘာ့ပတ်လမ်းအတွင်းသို့ သယ်ဆောင်သွားခြင်းဖြစ်သည်။

တေယန်-၂ ဟုအမည်ပေးထားသော ၎င်းဂြိုဟ်တုသည် ပင်လယ်ရေကြောင်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်အခြေအနေများကို သတင်းရယူထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ ပင်လယ်ပြင်သဘာဝဘေးအန္တရာယ်များ ကြိုတွေ့ရမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အရေးကြီးသော သတင်းအချက်အလက်နှင့် ဓာတ်ပုံများကို ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ ***(အင်တာနက်)***

မီးဖိုခန်း၌ နျူကလီးယားဓာတ်ပေါင်းဖိုပြုလုပ်သည့် ဆွီဒင်နိုင်ငံသား ဖမ်းဆီးခံရ

စတော့ဟုမ်း ဩဂုတ် ၁၆

မီးဖိုခန်းအတွင်း နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံး ပြုလုပ်ရန် ကြိုးစားခဲ့သည့် ဆွီဒင်နိုင်ငံသားတစ်ဦးအား ရဲတပ်ဖွဲ့က ဩဂုတ် ၁၅ ရက်၌ ဖမ်းဆီးခဲ့ကြောင်း ဆွီဒင်အာဏာပိုင်များက ပြောကြားသည်။

နျူကလီးယား ဓာတ်ပေါင်းဖိုပြုလုပ်ရန်အတွက် သတ္တုပစ္စည်းများ၊ စမ်းသပ်ကိရိယာများ၊ နာရီအပါအဝင် အခြားဆက်စပ်ပစ္စည်းများကို အင်တာနက်ပေါ်တင်ကာ ပြသခဲ့သည့် ဆွီဒင်နိုင်ငံတောင်ပိုင်း အန်ဂီလ်ဟုမ်းမြို့မှ အသက် ၃၁ နှစ်အရွယ် ရစ်ချက်ဟန်ဒီအမည်ရှိ အမျိုးသားအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ရစ်ချက်ဟန်ဒီသည် ယခင်က လေအေးစက်ထုတ်လုပ်သည့်စက်ရုံမှ အလုပ်သမားတစ်ဦးဖြစ်ပြီး ယခုအခါ အလုပ်လက်မဲ့ဖြစ်နေသူဖြစ်သည်။ သူသည် ပေါင်းအိုးတစ်လုံးပေါ်တွင် သတ္တုပစ္စည်းအစိတ်အပိုင်းအချို့နှင့် ရေဒီယိုသတ္တိကြွမှုရှိသော ရေဒီယမ်ဒြပ်စင်၊ အာမီရီယမ်၊ ဘီရီလီယမ်နှင့် ဆာလ်ဖြူရစ်အက်စစ်တို့ဖြင့် နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံး ပြုလုပ်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ *(ယာပုံ)*

အဆိုပါ နျူကလီးယားဓာတ်ပေါင်းဖိုပြုလုပ်စဉ် လွန်ခဲ့သည့်သုံးလ သို့မဟုတ် လေးလခန့်အကြာက မတော်တဆပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့သေးကြောင်း၊ ပြီးခဲ့သည့် သီတင်းနှစ်ပတ်ခန့်က ရဲတပ်ဖွဲ့ဝင်များ မိမိအိမ်သို့ ရောက်ရှိစစ်ဆေးခဲ့သေးကြောင်း၊ ထိုသို့ နျူကလီးယားဓာတ်ပေါင်းဖို ပြုလုပ်ရန် မိမိဝါသနာပါခဲ့ကြောင်း ၎င်းကပြောကြားသည်။

နျူကလီးယားနှင့်ဆက်စပ်သော ပစ္စည်းများကို လက်ဝယ်ထားရှိပြီး အန္တရာယ်ဖြစ်စေမည့် နည်းလမ်းများဖြင့် အသုံးပြုနေသော သတင်းကို ဆွီဒင်အာဏာပိုင်များက ရရှိပြီးနောက် ရစ်ချက်ဟန်ဒီ၏ အိမ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းကာ ၎င်းအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

နယူးယောက်မြို့၌ မိုးသည်းထန်ပြီးရေလွှမ်း ၁၃၆ နှစ်အတွင်း အဆိုးရွားဆုံးဖြစ်

နယူးယောက် ဩဂုတ် ၁၆

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဩဂုတ် ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ကားလမ်းနှင့်ရထားလမ်းများ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ပြီး ကားများရေနစ်မြုပ်ခဲ့ရကြောင်း နယူးယောက်မြို့အာဏာပိုင်များက ဩဂုတ် ၁၆ ရက်၌ ပြောကြားသည်။ *(အပေါ်ပုံ)*

နယူးယောက်မြို့တွင် တစ်ရက်တည်းဖြင့် မိုးရေချိန် ၈ လက်မခန့်အထိ ရွာသွန်းခဲ့ရာ နှစ်ပေါင်း ၁၃၆ နှစ်အတွင်း အမြင့်ဆုံးမှတ်တမ်းတင် စံချိန်ပင်ဖြစ်ကြောင်း အမေရိကန်အမျိုးသား ရာသီဥတုရေးရာဌာနမှ သတင်းထုတ်ပြန်သည်။ ကနေဒီလေဆိပ်၌လည်း ဩဂုတ် ၁၅ ရက် ည ၉ နာရီခန့်ကမိုးရေချိန် ၇ ဒသမ ၇ လက်မအထိ ရွာသွန်းခဲ့သည်။

ဖော်ပြ

မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း၊ ရေလွှမ်းမှုသတိပေးချက်များ ထုတ်ပြန်ထားကြောင်းနှင့် ဟာရီကိန်းမုန်တိုင်းဖြစ်ပေါ်နိုင်ကြောင်းလည်း အဆိုပါဌာနမှ ထုတ်ပြန်သောသတင်း၌ ဆက်လက်ဖော်ပြထားသည်။

ရပ်ဆိုင်းထားရ

နယူးယောက်မြို့ ကနေဒီလေဆိပ်၌ လွန်ခဲ့သည့် ၁၉၈၄ ခုနှစ် ဇွန် ၁၀ ရက်က မိုးရေချိန် ၆ ဒသမ ၃ လက်မအထိ အမြင့်ဆုံးရွာသွန်းခဲ့သည်။ ယခုရေလွှမ်းမှုများကြောင့် မော်တော်ယာဉ်သွားလာမှုပြတ်တောက်ပြီး ရထားခရီးစဉ်များ ရပ်ဆိုင်းထားခဲ့ရသည်။ *(အင်တာနက်)*

ရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်မာ့ရှေ့ဆောင် မြောင်းမြဘဏ်ခွဲဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲက မြောင်းမြမြို့ ဦးဘချိုလမ်းနှင့် အမှတ်(၄)လမ်းထောင့်၌ ကျင်းပသော မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ အဌမမြောက်ဘဏ်ခွဲဖြစ်သည့် မြောင်းမြဘဏ်ခွဲ ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။

အဆိုပါ မြောင်းမြဘဏ်ခွဲကို ဧရာဝတီတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းကိုကို၊ မြို့မိမြို့ဖ ဦးယုထော်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြောင်းမြဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြောင်းမြမြို့ ဆန်စက်အမှတ် (၁၁၀၉)၊ ကျော်ဆန်စက်နှင့် ရေခဲစက်သို့ ရောက်ရှိပြီး ဆန်စက်အတွင်း ခေတ်မီစက်ကိရိယာများဖြင့် ဆန်ကြိတ်ခွဲနေမှုနှင့် ရေခဲစက်၌ ရေခဲထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးရုံးခန်း၌ မြောင်းမြမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များမှ ကျောင်းအုပ်ကြီးများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု မိုင်းဆတ်၌ကျင်းပ

မိုင်းဆတ် ဩဂုတ် ၁၆

မိုင်းဆတ်မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သီရိရတနာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးက အမှာစကားပြောကြားသည်။

ဆေးများတိုက်ကျွေး

ဆက်လက်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အောင်ဇေယျက အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မေမျိုးအေးနှင့် အဖွဲ့ဝင်များက ခြောက်လမှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်အေ ဆေးများ တိုက်ကျွေးကြသည်။

ဆုများချီးမြှင့်

ထို့နောက် တာဝန်ရှိသူများက ထူးချွန်ဆုရ စံပြနို့တိုက် မိခင်များအား ဆုများချီးမြှင့်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ သန်ဓာတ်အားဆေးများ ဖြန့်ဝေပေးခြင်း၊ ဆောင်ရန် ရှောင်ရန်များကို ပညာပေးဟောပြောခြင်း၊ အိမ်သုံးဆားများ အိုင်အိုဒင်းပါဝင်နှုန်း စစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မင်းလှ၌ ဝါစိုက်နည်းစနစ် ပညာပေးဟောပြော

မင်းလှ ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ထန်းကိုင်းအုပ်စု ရွာသစ်ကျေးရွာတွင် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးနှောင်း ငွေချည်(၆) ချည်မျှင်ရှည်ဝါ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးနည်းစနစ်ဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပသည်။

ဆွေးနွေးပြောကြား

အခမ်းအနားတွင် ဝါနှင့်ပိုးချည်လုပ်ငန်းဌာန တိုင်းဒေသကြီးမန်နေဂျာ ဦးစိန်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်မန်နေဂျာ ဦးဇော်ထွန်းတို့က ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသော တောင်သူများက တစ်ဧကေ ဝါပိဿာ ၁၀၀၀နှင့် အထက်ထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ဝဲပုံ)(ခရိုင် ပြန်/ဆက်)



TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၆

၁၅ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၃၁)ကို ဩဂုတ် ၁၅ ရက် (တနင်္လာနေ့)တွင် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယင်း TV Guide စာစောင်တွင် ပရိသတ်များအတွက် ESPN နှင့် Star Sports ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် ဥရောပဘောလုံးရာသီ၏ ပွဲကြိုသုံးသပ်ချက်များ၊ Star Movies ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် The Eye, National Treasure, The Friday 13th, Halloween II, Avatar စသည့်ဇာတ်ကားများ၊ MRTV-4 ရုပ်သံလိုင်းတွင် ကြည့်ရမည့် Korea City of Scoul Is....အစီအစဉ်သစ်၊ Mandalay FM လေလှိုင်းတွင် တိုက်ရိုက်နားဆင်ရမည့် Premier League တိုက်ရိုက်လေလှိုင်းထုတ်လွှင့်မှု၊ ရုပ်သံလိုင်းအားလုံး၏ ဩဂုတ် ၁၆ ရက်မှ ၃၁ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ဩဂုတ် ၁၆ရက်မှ ၃၁ရက်အထိ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀-၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့ထံသို့ မှာယူနိုင်သည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

ပခုက္ကူမြို့နယ် ရှားထူးခံတောကျေးရွာနေ ကျေးဇူးရှင်မိဘများဖြစ်ကြသော ရန်ကုန်မြို့နေ ဦးလူသစ်-ဒေါ်အေးပို၊ (ဦးကျော်ဇော၊ ဒေါ်ကျင်မြဟံသာအေး)တို့အား ရည်စူး၍ အဘိုးတင်ဖေ မိသားစုနှင့် ညီဖြစ်သူ ဦးစိုးတင့်(တက္ကသိုလ်စိုးယဉ်)တို့က ထာဝရဆွမ်းနှင့်ဆေးပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

ရွှေပြည်သာမြို့နယ်၌ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ဩဂုတ် ၁၂ရက် နံနက် ၁၀နာရီက အထက(၁)ရွှေရတနာခန်းမ၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် ဒုတိယဦးစီးမှူး ဦးသန်းထိုက်အောင်တို့က အမှာစကားပြောကြားကြပြီးနောက် မြို့နယ်ပညာရေးမှူးက ပညာရည်ချွန်ဆုပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆုများချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပညာရေးကိစ္စများတွင် စိတ်ဝင်တစား ကူညီပံ့ပိုးပေးခဲ့သော အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ ခြောက်ဘာသာ တစ်ဦး၊ ငါးဘာသာ ၁၀ဦး၊ လေးဘာသာ ၂၃ဦးအပါအဝင် ကျန်ဘာသာဂုဏ်ထူးရှင် ၁၉၂ ဦးတို့အားလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းအုပ်ကြီးများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

(၁၂၉)

ကန့်ဘလူမြို့ မြို့မဈေးအတွင်း ဩဂုတ် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမောင်မောင်သောင်းနှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးတင်ထွန်းအောင်တို့ ကြီးကြပ်လျက် သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

ကာလပေါ်တေး/ခေတ်ဟောင်းတေး

၇။ **အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား)**

(က) စစ်ကိုင်းတောင် — ကိုအံ့ကြီး
(ခ) ဆုတောင်းပါလေအိမ်သူဆွေ — ကိုမင်းသူ
(ဂ) ဖူးပွင့်ဝေစီ ဆယ့်နှစ်ရာသီ — ကိုသန်းလှိုင်
(ဃ) မြတ်ဒေသနာ — သထုံဘသိန်း

၈။ **အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသမီး)**

(က) သတ္တဌာန — မသိန်းဟံ/ရတနာဦး
(ခ) တစ်ကျော့နှစ်ကျော့တေးကိုသီ — တင်တင်မြ
(ဂ) ပွဲကြိုက်မောင် — ဒေါ်ကြည်အောင်
(ဃ) သုဝဏ္ဏသာမ — စိန်ပါတီ

၉။ **အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား)**

(က) ဖြူနီညိုပြာ — ကိုတင်အောင်သန်း
(ခ) ရေခင်းတော် — ပြည်ဘရှင်
(ဂ) အမေ့ပါးကသနပ်ခါး — တွံတေးသိန်းတန်
(ဃ) ဆုတောင်းပတ္တနာ — ကိုညွန့်လွင်

၁၀။ **အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသမီး)**

(က) ဗုဒ္ဓသာသနံစိရံတိဋ္ဌတု — ချိုပြုံး
(ခ) မိဘကျေးဇူးဆပ်ဖူးပြီလားရှင် — စိန်မြင့်လတ်
(ဂ) သည်ဝါဆို — မေလှမြိုင်
(ဃ) မြန်မာ့ကြွေးကြော်သံ — မေလှမြိုင်

၁၁။ **အခြေခံပညာ (၅-၁၀) အဆင့် (အမျိုးသား)**

(က) ဂီတဗိမာန် — ကိုမြကြီး
(ခ) ကျွန်တော့်မွေးဌာနီ — သန်းထွန်းလေး
(ဂ) ဆရာ — ထား
(ဃ) နီလစိန်ရောင်ခြည် — ကိုမင်းနောင်

၁၂။ **အခြေခံပညာ (၅-၁၀) အဆင့် (အမျိုးသမီး)**

(က) မြန်မာ့ဂီတလှပဝေဆာ — သင်းသင်းမြတ်
(ခ) မေမေ — ခိုင်ဝါ
(ဂ) သတိရစရာလေးများ — အေဝမ်းတင်တင်လှ
(ဃ) ဒိုးကလေး — ညွန့်ညွန့်စိန်

(ဆက်လက်ဖော်ပြပါမည်)

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး ရွှေကူ၌ ကွင်းဆင်းစစ်ဆေး

ရွှေကူ ဩဂုတ် ၁၆

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်သားသတ်ရုံရှိ ဝက်များတွင်ဝက်နားရွက်ပြာရောဂါကျရောက်မှု ရှိ မရှိနှင့် ဝက်နားရွက်ပြာရောဂါ ကာကွယ်ရေးအတွက် ပညာပေးဟောပြောပြီး ဝက်ခြံများသို့ ကွင်းဆင်းစစ်ဆေးခြင်းကို ဇူလိုင် ၂၉ ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် မြို့နယ်မွေး/ကုဦးစီးဒေါက်တာဦးမောင်မောင်ဦးနှင့်အဖွဲ့တို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြံသီးနှံစိုက်ပျိုး ထုတ်လုပ်ကြသည့် တောင်သူများ ဝင်ငွေတိုးတက်ရေး ကြံသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ဖော်ဆောင်

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များအား ရည်မှန်းချက်ချမှတ် အကောင်အထည်ဖော်ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် စပါးသီးနှံကောသန်း ၂၀စိုက်ပျိုးနေသော တောင်သူလယ်သမားများ၏ အခန်းကဏ္ဍသည် အရေးကြီးဆုံး ဖြစ်သည့်နည်းတူ စိုက်ဧကလေးသိန်းရှိသော ကြံသီးနှံစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် ကြံသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကြံသီးနှံထုတ်ကုန်များ ဖွံ့ဖြိုးလာမှုနှင့်အတူ သကြားစက်ရုံများ အရှိန်အဟုန် တိုးတက်ရရှိစေမည့် အကျိုးဆက်အပြင် ပြည်တွင်းသကြား စားသုံးမှု ဖူလုံလာမည်ဖြစ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့ကြံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သကြားစက်လုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားခဲ့သည်။

ဦးထမ်းပွဲထမ်း

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက မြန်မာ့ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေးနှင့် သကြားစက်များဆိုင်ရာ အခြေခံလိုအပ်ချက်ဖြစ်သော ပုဂ္ဂလိက အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းအားဖြင့် ကြံစိုက်ပျိုးထုတ်လုပ်ကြသည့် ကြံတောင်သူများအတွက် ဈေးကွက်ယှဉ်ပြိုင်မှုအရ တွက်ခြေကိုက်သော ဈေးနှုန်း ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ကြံသီးနှံအပေါ် တောင်သူတစ်ဦးချင်း တွက်ခြေကိုက် အကျိုးရှိခြင်းအားဖြင့် စိုက်လိုအား ပိုမိုမြင့်မားလာစေခြင်း အကျိုးနှင့် ကြံသီးနှံ၏အရည်အသွေး တိုးတက်မြင့်မားလာမည်ဖြစ်ပြီး သကြားစက်ရုံများအတွက် ကုန်ကြမ်းပိုမိုရရှိစေနိုင်မည်ဖြစ်သည့်အတွက် ကြံသီးနှံလုပ်ငန်းနှင့် သကြားစက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုအကျိုး အမှန်တကယ်ဖြစ်ထွန်းစေမည်ဖြစ်ကြောင်းကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးခင်ဇော်က ကြံသီးနှံကုန်ကြမ်း စိုက်ပျိုးထုတ်လုပ်မှုနှင့် သကြားစက်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်ထုတ်လမ်းများ၏ အရေးပါမှုနှင့် စိုက်ပျိုးရေစနစ်တကျ စီမံခန့်ခွဲအသုံးပြုနိုင်ရေး လိုအပ်ချက်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စက်ရုံဝန်ထမ်းများအကြား ကြံတောင်သူများအကျိုးကို အထူးဦးစားပေးပြီး ဦးထမ်းပွဲထမ်း ညီညွတ်စွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်းကောင်း ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သကြားစက်လုပ်ငန်းရှင်များဖြစ်ကြသည့် ယုဇနကုမ္ပဏီလီမိတက်မှ ဦးဌေးမြင့်၊ International Gate Ways Co.,Ltd. မှ ဦးနိုင်ထွန်းဇော်၊ Delicious Food Co.,Ltd. မှ ဦးဇော်ဝင်းတို့က စက်ရုံဝန်ထမ်းများနှင့် ကြံတောင်သူများ၏ လက်ရှိအခြေအနေမှ ဝင်ငွေနှင့်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် အထူးဦးစားပေးဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ကြံသီးနှံကုန်ကြမ်း လုံလောက်စွာရရှိရေး ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြပြီး ကြံသီးနှံစက်ရုံမှူးများက ယခုနှစ် စိုက်ပျိုးရာသီတွင် ကြံစိုက်ဧကများ၏ အခြေအနေ၊ ကုန်ကြမ်းရရှိနိုင်မှုအလားအလာ၊ ယခုနှစ် ကြံစိုက်ရာသီဖြစ်သည့် အောက်တိုဘာလကုန်တွင် စက်များ အချိန်မီလည်ပတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညှိနှိုင်းစည်းဝေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မြန်မာ့ကြံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သကြားစက်လုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ယူနီဆက်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ Regional Director Ms.Anupama Rao Singh နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ယူနီဆက်၏ အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံးမှ ညွှန်ကြားရေးမှူး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၆

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက်ယူနီဆက်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ Regional Director Ms. Anupama Rao Singh နှင့်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးသူငယ်အခွင့်အရေးများ တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏အခြေခံပညာကဏ္ဍ ပညာရေးတာဝန်များ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ကြိုးပမ်းထမ်းဆောင်

နေပြည်တော် ဩဂုတ် ၁၆

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ကျင်းပရာ အမျိုးသားပညာရေးကော်မတီ ဥက္ကဋ္ဌပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေး တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း လိုက်နာ စောင့်ရှောက်ကာကွယ်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်အောင် စွမ်းဆောင်နိုင်ရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားဖြစ်သည့် အင်အားသုံးရပ် တောင့်တင်းခိုင်မာရန် လိုအပ်ကြောင်း၊ အင်အားသုံးရပ်တောင့်တင်းရန်အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ မျိုးဆက်သစ်လူငယ်များ အပါအဝင် တစ်နိုင်ငံလုံး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရန်အတွက် မဖြစ်မနေ လိုအပ်သည့် အား (၃)ပါးရရန် အဓိကကျသည့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (Human Resource Development) ကို အဓိကဆောင်ရွက်ပေးနိုင်မည့် ကဏ္ဍသည် ပညာရေးကဏ္ဍပင်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင်လည်း အခြေခံပညာရေးကဏ္ဍ (Basic Education Sector) က ပို၍အဓိကကျကြောင်း၊ နိုင်ငံတော်၏ အခြေခံပညာကဏ္ဍ ပညာရေးတာဝန်များကို စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံ၍ စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၉ ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတစ်ဝန်း

သစ်တောစွမ်းဖြင့်

စိမ်းလန်း

စေရမည်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြား တော်မူသောဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၈။ **၂၀၁၁ ခုနှစ် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- ၈:၄၅ ၉။ International News
- ၈:၅၀ ၁၀။ **ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ**
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ တေးဂီတအစီအစဉ်
- ၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၂၅ ၄။ သီချင်းကြီးပဒေသာ
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၀၅ ၈။ International Science News
- ၅:၁၅ ၉။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- ၅:၂၅ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၃၀ ၁၄။ ရွှေရင်ခုန်သံ
- ၆:၅၅ ၁၅။ (၂၆)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပြင်ဆင်မှုများ (ဘတ်စကက်ဘော)
- ၇:၁၅ ၁၆။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
- ၇:၂၀ ၁၇။ **စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား**
- ၇:၄၀ ၁၈။ အေဝမ်းစိုးမြင့် ဝိုင်း သံစုံတူရိယာဖျော်ဖြေခန်း
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
- ၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၈၅)
- ၂၄။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်(ဒုတိယတန်း) အဆင့် (ပထမဆု) သောတ္တိသေန သမ္ဘူလဇာတ် (ဦးသက်ဇော်) (မန္တလေးတိုင်းဒေသကြီး)**
- ၂၅။ အစီအစဉ်ပြီး၏။

ဧရာဝတီ၊ သံလွင်နှင့် ဝေါန်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၅၂စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀စင်တီမီတာ ကျော်လွန်နေသည်။အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၁၀စင်တီမီတာ (၀ ဒသမ ၃ ပေခန့်) ဆက်လက် တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၆၀ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ၁၅ စင်တီမီတာ (ပေဝက်ခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၉၇ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၇ စင်တီမီတာ (၁ ပေခွဲခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

သတင်းထုတ်ပြန်ထား

ဝေါန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၀၄၉ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၉ စင်တီမီတာ (၀ ဒသမ ၆ပေခန့်) ကျော်လွန်နေသည်။အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်လာရောက်၍ ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်အတွဲများ ဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့နံနက်ပိုင်းတွင် အသားကျောက်အတွဲများဝယ်ယူရန် ရတနာကုန်သည်များ၏ ဈေးနှုန်းအဆိုပြုလွှာများ ထည့်သွင်းထားသည့်တင်ဒါပုံးများကို ဖွင့်ဖောက်ရောင်းချရာ ယနေ့အထိ အသားကျောက်အတွဲပေါင်း ၂၀၅ တွဲ ရောင်းချရသည်။

မွန်းလွဲပိုင်းတွင် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်တွဲများအများဆုံးဝယ်ယူသည့် ကျောက်စိမ်းနဂါးကုမ္ပဏီမှ ဦးခင်ဇော်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ပြီး ၂၀၁၁ခုနှစ် ဩဂုတ်လ အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ကျောက်စိမ်းရောင်းချပွဲ

၂၀၁၁ခုနှစ် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမ၌ကျင်းပသော ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဆုပေးပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ(Future Engineering Group)MD ဦးဝင်းအောင်က မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ Challenger ပြိုင်ပွဲ၌ ပူးတွဲစတုတ္ထ၊ ပူးတွဲတတိယနှင့် ဒုတိယဆုရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ပထမဆုရသူအားလည်းကောင်း၊ Future Engineering Group မှ Director ဦးဇေယျက ပူးတွဲစတုတ္ထဆုရသူများအားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက ပူးတွဲတတိယဆုရသူများအားလည်းကောင်း၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဒုတိယဆုရသူအားလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်က ပထမဆုရ ဝင်းဇော်ထွန်းအားလည်းကောင်း ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ**(အပေါ်ပုံ)**က ပထမတံခွန်စိုက်ဆုရ ဝင်းဇော်ထွန်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

၂၀၁၁ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံးထွက်ပွဲစဉ်ကို ယနေ့ ညနေ ၃နာရီခွဲတွင် အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ဆက်လက်ကျင်းပရာ (ခခ)အုပ်စု ပထမ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနအသင်းက (ဃဃ)အုပ်စု ဒုတိယ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

ဩဂုတ် ၁၇ ရက်တွင် (ဂဂ)အုပ်စု ပထမ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့်(ကက)အုပ်စုဒုတိယ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၇-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅	၃။	နိုင်ငံတော်သီချင်း
၇း၁၀	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၇	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	လျှပ်တစ်ပြက်
၄း၂၅	၇။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀	၉။	ရွှေဟောင်းသုတ
၅း၁၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၉၁)
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၄။	Mail Box
၆း၃၅	၁၅။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၈)
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း -၁၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဒွိတာဝန်အရေး(၃)ပါး
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	ရယ်စရာပျော်စရာဟာသကမ္ဘာ **ဘတ်စ်စကား စီးကြသူများ** ကောင်းပြည့်၊ ဂျူးဂျူးကေ၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
	၂၃။	အိုင်စီတီသုတ
	၂၄။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရောင်ပြန်မေတ္တာ** (အပိုင်း -၁၀)
	၂၆။	ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရမ်းဗြဲ-ကျောက်နီမော်လမ်း ကျေးလက်တံတားပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၇ရက်က အမှုဆောင်အရာရှိ ဦးထွန်းခင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

သံဖြူဇရပ်မြို့နယ်၌ စပါးခင်းနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

သံဖြူဇရပ် ဩဂုတ် ၁၆

ငါးထုတ်လုပ်မှု ပိုမိုလာစေရေးနှင့် ငါးမျိုးများ ပြန့်ပွားစေရေးအတွက် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် စပါးခင်းနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားကို သံဖြူဇရပ်မြို့နယ် စံပြကျေးရွာ၌ ဩဂုတ် ၁၁ ရက် နံနက်က ကျင်းပသည်။ **(အပေါ်ပုံ)**

ငါးမျိုးစိုက်ထည့်

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းမြင့်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တောင်သူများနှင့် ရေလုပ်ငန်းရှင်များတက်ရောက်ကြပြီး စပါးခင်းများအတွင်း ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ တီလားပီးယား ငါးကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်း ကောင်ရေ ၅၀၀၀၀ကို သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

ဖန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးမြကြည်နှင့်အဖွဲ့ဝင်များ ဩဂုတ် ၅ရက်က ဗန်းမော်မြို့ အလယ်ရပ်ကွက်ရှိ မိခင်နှင့်ကလေးကျောင်းကျန်းမာရေးဌာနတွင် တစ်နှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးစပါးထွန်တုံးပိတ်ပွဲ လှိုင်လင်၌ ကျင်းပ

လှိုင်လင် ဩဂုတ် ၁၆

လှိုင်လင်ခရိုင် ကာလိမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးထွန်တုံးပိတ်ပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီက ဟိုပန်ကျေးရွာအုပ်စု ဝမ်ဆတ်ကျေးရွာတွင်ကျင်းပရာ ထွန်တုံးပိတ်ပွဲ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ဇုန်တာဝန်ခံနှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆ဝ)**

တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦး

အစားထိုးပြောင်းလဲ

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ရက်စွဲဖြင့် ကြေညာချက်အမှတ်(၄၅/၂၀၁၁)နှင့် ကြေညာချက်အမှတ် (၄၆/၂၀၁၁)တို့ကို ထုတ်ပြန်ပြီး တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြည်း ၃၀၀၆၅ ဗိုလ်မှူးဇော်ဝမ်း(အစား) ကြည်း ၂၇၃၈၇ ဗိုလ်မှူး မင်းကိုဦးအားလည်းကောင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြည်း ၂၇၂၆၈ ဗိုလ်မှူး သိန်းဝင်း(အစား) ကြည်း ၂၃၀၄၈ ဗိုလ်မှူး ဇဝနအားလည်းကောင်း အမည်စာရင်းအစားထိုး ပြောင်းလဲလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယူနီဆက်၏ အရှေ့အာရှနှင့် ပစိဖိတ်ညွှန်မှူးတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး မစ္စ အနုပါမရောင်းဆင်းသည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍**(အပေါ်ပုံ)** မြန်မာနိုင်ငံနှင့် ယူနီဆက်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၃/၂၀၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ (၃/၂၀၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် စက်မှုဆိုင်ရာ ဆပ်ကော်မတီ ဆပ်ကော်မတီ(၁၂)ရပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုးစားဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာမည်ဖြစ်ပြီး ပြည်သူများအတွက် ကောင်းမွန်ပြည့်စုံသည့် အခြေခံစီးပွားရေးအုတ်မြစ်ကောင်းများ တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ ယခုအခါ ဒေသအလိုက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများ အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သကဲ့သို့ လူနေမှုဘဝ အဆင့်အတန်းလည်း မြင့်မားတိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍများကို ပိုမိုမြင့်မားတိုးတက်လာအောင် စွမ်းဆောင်ရမည်ဖြစ်ပြီး ကုန်ထုတ်လုပ်သူများအနေဖြင့် သုံးစွဲသူများ စိတ်ကျေနပ်လက်ခံနိုင်မည့် အရည်အသွေးနှင့် အရည်အချင်းပြည့်မီအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းများကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် စက်မှုလုပ်ငန်းတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီအသီးသီးတို့ အနေဖြင့် မိမိတို့ကော်မတီအလိုက် ဖွဲ့စည်းပေးထားသည့် တာဝန်နှင့် ဝတ္တရားများကို တက်တက်ကြွကြွ ကျေပွန်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အချင်းချင်း တိုင်ပင်ဆွေးနွေးကာ အမြင်ချင်းဖလှယ်၍ အချိန်နှင့်အမျှ တွန်းတွန်းတိုက်တိုက် လုပ်ဆောင်ကြရန်လိုအပ်ကြောင်း။

တက်ညီလက်ညီ

စားသောက်ကုန်ထုတ်လုပ်မှုများ အနေဖြင့်လည်း ပြည်ပပို့ကုန်တင်ပို့မှုကို ပိုမိုတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး သွင်းကုန်တင်သွင်းမှုကို လျော့ကျသွားစေရန် စွမ်းဆောင်နိုင်မှသာ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ထို့အတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် တက်ညီလက်ညီ အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာသည့် စက်မှုဆိုင်ရာ အထောက်အကူပြုဆပ်ကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် စက်မှုဆိုင်ရာ ဆပ်ကော်မတီများ၏ ဥက္ကဋ္ဌများက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဆပ်ကော်မတီအလိုက် ကဏ္ဍအသီးသီးတွင် စီမံဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လက်ရှိဆောင်ရွက်နေဆဲ ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအပေါ် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ကူညီဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍မရဘဲ ကော်မတီအလိုက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဆပ်ကော်မတီများက အမြင်ချင်း၊ အသိချင်း၊ အတွေ့အကြုံချင်း ဖလှယ်ပြီး တစ်ဖွဲ့နှင့် တစ်ဖွဲ့ တတ်အားသရွေ့ ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည့် ရင်းနှီးငွေများရရှိရေး ကူညီစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား ISO Standard အဆင့် ရရှိသည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား (ရတနာပုံ)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက် ဧရာဝတီတံတား(ရတနာပုံ) ရေရှည်တည်တံ့ခိုင်မြဲရေး စစ်ဆေးကြပ်မတ်

နေပြည်တော် ဩဂုတ် ၁၆

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်ကိုင်းခရိုင် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး စစ်ကိုင်းခရိုင်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများနှင့်စပ်လျဉ်း၍ ခရိုင်အတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ခရိုင်အတွင်းရှိ B.O.T လမ်းများကိုလည်း စစ်ဆေးကြပ်မတ်ပေးရန်တို့ကို မှာကြားခဲ့သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အထူးအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့နှင့် မြို့နယ်ခွဲတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မိမိတို့တာဝန်ယူဆောင်ရွက်သည့် အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်မှာကြားပြီး ရုံးခန်းများနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ယင်းနောက် စစ်ကိုင်းမြို့ ဇေယျာရတနာ ငွေစုငွေချေးအသင်းရုံးသို့ ရောက်ရှိ၍ တာဝန်ရှိသူများအား တွေ့ဆုံပြီး ပြည်သူများ ဆင်းရဲမှုလျော့နည်း ပပျောက်ရေးအတွက် စစ်ကိုင်းခရိုင်၌ ဇေယျာရတနာ ငွေစုငွေချေးအသင်းကို စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်တို့၌ ဖွဲ့စည်းထူထောင်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများအတွက် အကျိုးပြုဆောင်ရွက်သောလုပ်ငန်းတစ်ခု ဖြစ်သည့်အတွက် ရိုးရိုးသားသား၊ သစ္စာရှိရှိ၊ စည်းလုံးညီညွတ်မှုဖြင့် ရာသက်ပန်အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။

စစ်ဆေးကြပ်မတ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတံတား (ရတနာပုံ)၌ တံတားကြီး ကြံ့ခိုင်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ်စစ်ဆေးကြပ်မတ်ပေးရန်၊ ထူးခြားမှုရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြရန်၊ မန္တလေးဘက်ကမ်း၌ ယာဉ်များဖြတ်သန်းရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတ်မှတ်ထားသည့် ယာဉ်လမ်းကြောင်း အမှတ်အသားသင်္ကေတများ၊ လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျ စိုက်ထူဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (စကားအင်း-တံခွန်တိုင်အပိုင်း)လမ်း၊ တံတား လုပ်ငန်းဆောင်ရွက်နေမှု၊ နေပြည်တော်-တောင်ညိုလမ်းအပိုင်း လမ်းချဲ့ခြင်း၊ Box Culvert များ ပြန်လည် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အကွေ့အကောက်များသည့် နေရာများ၌ ကတ္တရာလမ်း တစ်ဖြောင့်တည်းဖြစ်အောင် ဆောင်ရွက်ပေးရန်တို့ကိုတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၆ ရက်က ရွှေကျင်မြို့ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့်ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

စုပေါင်းလှေ့ဒါနိုးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ်အသင်းဝင်တို့ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် (၂၁/၄၃)စီကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်း လိုသူများသည် ဦးစိုးဝင်း (ဒုတိယ ဥက္ကဋ္ဌ) ဖုန်း-၆၁၁၁၀၇၊ ဦးစန်းလွင် (ဒုတိယ ဥက္ကဋ္ဌ) ဖုန်း-၆၃၆၇၈၀၊ ရဲသူရသန်းလှိုင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၃၇၉၂၃၁၊ ဦးလှဝင်း(အတွင်းရေးမှူး) ဖုန်း-၂၁၁၀၁၀ နှင့် အသင်းရုံးဖုန်း-၃၇၀၅၇၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သမဝါယမဦးစီးဌာန လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁၆

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီကို အထောက်အကူပြုရန်အတွက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း၊ သမဝါယမ စီးပွားရေးစနစ်သည် စီးပွားရေးစနစ်အမျိုးမျိုးထဲမှ တစ်မျိုးအပါအဝင်ဖြစ်ပြီး စီးပွားရေးအတွက် ပူးပေါင်းဆောင်ရွက်သော စနစ်ဖြစ်ကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အစုအဖွဲ့ စုဖွဲ့မှုသည် အဓိကကျကြောင်း။

ဆောင်ရွက်

ယခုဖွဲ့စည်းမည့် အစုအဖွဲ့များသည် နောင်တစ်ချိန်တွင် သမဝါယမအသင်းများအဖြစ် ကူးပြောင်းသွားနိုင်ရန် သမဝါယမဝန်ကြီးဌာနက ချမှတ်ထားသော စုဖွဲ့မှုပုံစံနှင့် စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ကိုင်လိုသူများက အများသဘောတူ စုဖွဲ့နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ဤသို့ စုဖွဲ့ရာတွင် အထက်မှ အောက်သို့ အမိန့်ပေးစနစ်ဖြင့် ဖွဲ့စည်းခြင်းမျိုး ရှောင်ကြဉ်ကာ ပြည်သူများကိုယ်တိုင်က အကျိုးအပြစ်ကို သိမြင်၍ လိုလားစွာ အဆိုပြုလာမှ ဖွဲ့စည်းပေးရန်ဖြစ်ကြောင်း၊ ပြည်သူများ စားရေးတွင် ပူပန်ကြောင့်ကြမှု မရှိစေရန်၊ နေရေးတွင် လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရန်၊ မကျန်းမာသည့်အခါ ဆေးဝါးကုသနိုင်ရန်နှင့် သားသမီးများ ပညာသင်ကြားပေးနိုင်စေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးအရင်းအနှီးလိုအပ်သဖြင့် စေတနာရှင် လုပ်ငန်းရှင်များ၏ ပုဂ္ဂလိက ငွေစု ငွေချေးအသင်းများ ဥပဒေနှင့်အညီ ပေါ်ပေါက်လာရေးကို စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

သင်တန်းဖွင့်ပွဲသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သင်တန်းသား အရာရှိ ၆၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

ကျန်းမာရေးဝန်ကြီးဌာနလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသောဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒေါက်တာဝင်းမြင့်တို့က နိုင်ငံတော်မှ ဦးတည်ဆောင်ရွက်လျက်ရှိသော ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း ဦးတည်ချက်များကို ဆောင်ရွက်ရာ၌ အဓိက ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြင့်မားရေးလုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းမှာကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဦးစီးဌာနများဖြစ်သည့် ကျန်းမာရေးဦးစီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ ကျန်းမာရေး စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ပါမောက္ခချုပ်များနှင့် ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများက သက်ဆိုင်ရာအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက်တွင် စတင်ကျင်းပရာ အခမ်းအနားသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Boediono တက်ရောက် ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ် Dr. Surin Pitsuwan တို့ တက်ရောက်ကြသည်။

တက်ရောက်

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ကောင်စီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဉာဏ်လင်း၊ နိုင်ငံခြား စီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြတ်မြတ်စိုးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆက်လက်ကျင်းပသော အာဆီယံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် ကောင်စီအစည်းအဝေးနှင့် အာဆီယံ-မဲခေါင် ချိုင့်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ဦးဆောင်ကော်မတီ အစည်းအဝေးများ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၁ ရက်တွင် ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ-အမေရိကန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၂ ရက်တွင် အာဆီယံ-တရုတ်စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-မဲခေါင်ချိုင့်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် အစည်းအဝေး၊ အာဆီယံ-ကိုရီးယား ဆွေးနွေးပွဲနှင့် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံ စီးပွားရေးအတိုင်ပင်ခံကောင်စီ ညှိနှိုင်းအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၃ ရက်တွင် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် ညှိနှိုင်းအစည်းအဝေး၊ အာဆီယံ-အိန္ဒိယ ညှိနှိုင်းအစည်းအဝေး၊ အာဆီယံ-အရှေ့အာရှ စီးပွားရေးဝန်ကြီးများ အလွတ်သဘော တွေ့ဆုံပွဲနှင့် အာဆီယံ-ဂျပန် ညှိနှိုင်းအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၄ ရက်တွင် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ဝန်ကြီးအဆင့် အစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ဆွေးနွေး

အစည်းအဝေးများတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံတွင် မိုက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မိုက်ခရိုစီးပွားရေး ဖွံ့ဖြိုးရန် ဆက်လက်ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်သွားမည့် အစီအစဉ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ မြှင့်တင်ဆောင်ရွက်ရေးအတွက် ဥပဒေ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေနှင့် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့သည်။

အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Chen Deming ၊ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် အထည်အလိပ်ဝန်ကြီး H.E Anand Sharma တို့နှင့် အလွတ်သဘော တွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဝတစ်သက်တာ၊ အရေးပါလှ၊ အာဟာရ

ဒေါက်တာမေခင်သန်း (ကျန်းမာရေးဦးစီးဌာန)

လူတိုင်းအတွက် ဘဝတစ်လျှောက် အရေးပါသည့် အကြောင်းအရာများစွာ ရှိတတ်ကြသည်။ ယေဘုယျခြုံပြောရလျှင် လူ့ဘဝသက်တမ်းကို သုံးပိုင်းပိုင်း၍ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာဟူ၍ အသက်အရွယ်အလိုက် အရေးပါသည့် အကြောင်းအရာများကို ပြောင်းလဲပြောစမှတ်ပြုကြသည်။

သို့သော် အာဟာရမှာ ဘဝသက်တမ်းတစ်လျှောက်လုံး အရေးပါသည့် အမြဲမှန်ကန်နေသော သဘာဝတရားကြီးတစ်ခုဖြစ်သည်။ အာဟာရသည် အစာတွင်ပါဝင်သော ဓာတုပစ္စည်းလေးများဖြစ်ပြီး လှုပ်ရှားသွားလာနိုင်ရန်၊ ကျန်းမာခြင်း၊ ခန္ဓာကိုယ်ကြီးထွားခြင်းတို့အတွက် လိုအပ်သည်။ မိခင်ဝမ်းကြာတိုက်ထဲမှာ ပဋိသန္ဓေစတည်ခြင်းကစပြီး ဘဝကို အာဟာရနှင့် စတင်ခဲ့ကြရပြီး ဘဝသက်တမ်းကုန်ဆုံးသည့်အခါမှ အာဟာရနှင့် ကင်းကွာရတော့သည်။ အနန္တဂိုဏ်းဝင်မွေးသမိခင်၏ နို့ရည်အာဟာရကို စတင်သောက်စို့၍ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှသည် တဖြည်းဖြည်းကြီးထွား ဖွံ့ဖြိုး၍လာရသည်။ ကလေးငယ်တစ်ဦး အာဟာရချို့တဲ့ပါက ရုပ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအားလုံး နှောင့်နှေးနိုင်ပါသည်။ ပြင်းထန်စွာ အာဟာရချို့တဲ့ပါက အသက်အန္တရာယ်ကြုံတွေ့ရနိုင်သည်။ မွေးစမှသည် သုံးနှစ်အောက်အရွယ် ကလေးဘဝ အာဟာရပြည့်ဝမျှတမှုသည် ထိုကလေးဘဝတစ်လျှောက်လုံး ဉာဏ်ရည်ဖွံ့ဖြိုးစေဖို့ အရေးအကြီးဆုံးကာလဖြစ်သည်။ ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးစေရန် အိုင်အိုဒင်းဓာတ်နှင့် သံဓာတ်အာဟာရတို့သည် အရေးအကြီးဆုံးဖြစ်သည်။ မွေးစမှသည် အသက်ခြောက်လအထိ မိခင်နို့ တစ်မျိုးတည်း တိုက်ကျွေးပြီး အသက် ခြောက်လမှ စတင်ကာ မိခင်နို့ ဆက်လက်တိုက်ကျွေးရင်း အာဟာရပြည့်ဝမျှတသော ဖြည့်စွက်အစာများကို လုံလောက်စွာ ကျွေးမွေးပြုစုတတ်ဖို့ အရေးကြီးလှပါသည်။

နိုင်ငံတကာလေ့လာချက်များအရ ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှု၏ ထက်ဝက်ကျော်သည် အာဟာရချို့တဲ့မှုနှင့် ဆက်နွှယ်လျက်ရှိကြောင်း တွေ့ရှိခဲ့ပြီးဖြစ်သည်။ ထို့အပြင် မိခင်နို့တစ်မျိုးတည်း အသက်ခြောက်လအထိ တိုက်ကျွေးခြင်းဖြင့် ငါးနှစ်အောက်ကလေးသေဆုံးမှုကို ၁၃ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း၊ အသက်ခြောက်လမှစတင်၍ မိခင်နို့ဆက်လက်တိုက်ရင်း မှန်ကန်ပြည့်စုံသော ဖြည့်စွက်အစာများကျွေးခြင်းဖြင့် ငါးနှစ်အောက်ကလေး သေဆုံးမှုကို ၆ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း စသည့်တွေ့ရှိချက်များသည်လည်း အာဟာရ၏ အရေးပါပုံကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

ကလေးဘဝ၊ အပျိုဖော်ဝင်အရွယ်၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်၊ လူကြီး၊ သက်ကြီးရွယ်အိုတိုင်းသည် မိမိအတွက် လိုအပ်သော အာဟာရပြည့်ဝမျှတစွာ စားသုံးရန်လိုအပ်လှသည်။ သို့မှသာ အာဟာရချို့တဲ့ခြင်း၊ အာဟာရလွန်ကဲခြင်းတို့မှ ကင်းဝေးပြီး ကိုယ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်း၊ အသက်ရှည်ခြင်းတို့ ရရှိနိုင်သည်။ လူတစ်ဦးချင်း နာမကျန်းဖြစ်ခြင်း၊ လူအများစု အရေးပေါ်အခြေအနေကျရောက်ခြင်း စသည့်ကာလများတွင်လည်း အာဟာရသည် အရေးပါသောအခြေခံတစ်ရပ်ဖြစ်သည်။ အာဟာရမျှတစေရန် အင်အားဖြစ်ထွန်းစေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာ၊ ရောဂါကာကွယ်စေသောအစာ သုံးမျိုးလုံးပါဝင်၍ အသက်အရွယ်နှင့် လှုပ်ရှားမှုအခြေအနေအလိုက် သင့်တင့်သောပမာဏ စားသုံးရန်လိုအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရချို့တဲ့မှုများ လျှော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှု ပြဿနာများ ကာကွယ်ရေး၊ အာဟာရထွန်းကားလာရေးတို့ကို ရည်မှန်းချက်များအဖြစ်ချမှတ်ကာ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အသက်အရွယ်အားလုံးအတွက် အာဟာရမြှင့်တင်ခြင်း၊ စောင့်ရှောက်ခြင်းများအပြင် အာဟာရဓာတ်ဖြည့်တင်းခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုစိတ်ဝင်စား၍ အာဟာရပြည့်ဝစွာ စားသောက်တတ်စေရန်၊ အာဟာရပညာကို လိုက်နာကျင့်သုံးခြင်းဖြင့် ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ထက်မြက်သော နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးနိုင်စေရန်ရည်ရွယ်၍ ယခင်က **"အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်"** လှုပ်ရှားမှုများကို ၂၀၀၉ ခုနှစ်မှစ၍ **"အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ"** အဖြစ် ဩဂုတ်လ တစ်လလုံး နိုင်ငံတစ်ဝန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင်လည်း **"အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ"** ကို ဩဂုတ်လအတွင်း အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

	ရက်သတ္တပတ်	လှုပ်ရှားမှုများ
(ပထမ)ပတ်	မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်	မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးမှုမြှင့်တင်ခြင်း
(ဒုတိယ)ပတ်	ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်	ကြီးထွားမှု စောင့်ရှောက်ခြင်း၊ ဗီတာမင်အေနှင့် သန်ချဆေး တိုက်ကျွေးခြင်း၊ အာဟာရပညာပေးခြင်း
(တတိယ)ပတ်	ကိုယ်ဝန်ဆောင်နှင့်နို့တိုက် မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်	သံဓာတ်ဆေးပြားများ၊ ဗီတာမင်ဘီ'ဝမ်း'၊ သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရပညာပေးခြင်း
(စတုတ္ထ)ပတ်	အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်	ဆားတွင် အိုင်အိုဒင်းပါဝင်မှု စစ်ဆေးခြင်း၊ အိုင်အိုဒင်းဆား စားသုံးမှုမြှင့်တင်ခြင်း

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုဒေသခံပြည်သူများ၏ အာဟာရသည် ပဓာနကျသော အခြေခံလိုအပ်ချက်တစ်ခု ဖြစ်သည်။ အာဟာရလုံလောက်စွာမရရှိခြင်းကြောင့် အာဟာရချို့တဲ့မှုများ ဖြစ်နိုင်သကဲ့သို့ အာဟာရမမျှတခြင်း၊ အာဟာရလွန်ကဲခြင်းများကြောင့် အဝလွန်ခြင်း၊ ဆီးချိုသွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါများ ဖြစ်နိုင်သည်။ ယခုခေတ်တွင် အာဟာရတန်ဖိုးကို ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများကပါ ပိုမိုအလေးထားလာကြပြီဖြစ်သည်။ အစားအသောက်တွင် အာဟာရဓာတ်ပါဝင်မှုအပေါ်မူတည်၍ ရွေးချယ်စားသောက်သည့်ဓလေ့များ တိုးတက်ပေါ်ထွန်းလာပြီဖြစ်သည်။ သို့ပါ၍ ဘဝတစ်လျှောက်လုံး အသက်ရှည်၊ ကျန်းမာစေရေးအတွက် အာဟာရသည် အရေးပါလှသည်ကို အစဉ်သတိပြုသင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်၊ခန္ဓသုတ်၊ မောရသုတ်၊ဝဋ္ဋသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **အဓ္ဓရာသုတ္တန်** တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုမာရ)
၆:၃၅ ရှင်တော်မဟာမုနိ ဘဂဝါပူဇေမိ
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၈)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၀)
၈:၅၀ ဆက်ကပ်လှူဒါန်း ရှင်သာမဏေသင်္ကန်း
၉:၀၀ လမ်း(၃၀)ဆေးခန်း၏ ဇီဝိတဒါနနှင့်လေ့လာရေးခရီးစဉ်
၉:၁၅ Activities in the City (Health Care Group ၏ တတိယအကြိမ်နှစ်ပတ်လည် အခမ်းအနားနှင့်အလှူငွေပေးအပ်ပွဲ)
၉:၂၅ အားကစားမြင်ကွင်းစုံ
၁၀:၀၀ လှူဒါန်းပူဇော်နတ်စင်တစ်ရာ ကျောင်းတိုက်မှဗုဒ္ဓါဘိသေက အနေကဇာတင်နှင့်ဝါဆိုမြတ် သင်္ကန်းအလှူတော်
၁၀:၁၅ မွေခံထိုက်စေ
၁၀:၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (နေခြည်လင်းလဲ့)
၁၀:၅၅ သင်ယူလေ့လာဂီတပညာ (Vocal Training Module-3)
၁၁:၂၅ ကြောင်ပန်းတောရတိုက် ဘုရားထီးတင်ပွဲ
၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅ Activities in the City (Our Inspiration Academic Centre(OLAC)၏ ထူးချွန် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ)
၁၂:၃၀ ပိုးလေးဖက်နာရောဂါနှင့် သွေးလေးဖက်နာရောဂါ (ပါမောက္ခဒေါက်တာ ချစ်စိုး)
၁:၀၀ **အဓ္ဓရာသုတ္တန်** တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုမာရ)
၁:၅၀ ဆည်းကပ်တိုင်းအကျိုးစုံသည် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသံ့သာရရုပ်ရှင်တော်မြတ်
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း (သူများစကားနားထောင်တာ ကောင်းတယ်၊ သူများစကား နားမထောင်တာကောင်းတယ်)
၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း ၉၈)
၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၄၀)
၅:၀၀ Activities in the City (ခေတ်ဦးစတီရီယိုအနုပညာရှင်များရဲ့ စင်တီတေးဂီတဖျော်ဖြေပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲ)
၅:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၄၅ Activities in the City (Sweety 2011, Celebration Dinner & Lucky Draw Promotion)
၆:၀၀ MRTV -4 သတင်း
၆:၂၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (တေးရေး-မောင်သစ်မင်း)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၉)
၇:၂၀ Cartoon Show Time (HOODWINKED)
၈:၀၀ MRTV -4 သတင်း
၈:၃၀ သင်ကြားရေးလမ်းညွှန် (T&U After School Maths For Kids)
၈:၅၀ Celebrity Style (ဇေယျ)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း ၄၁)
၁၀:၂၀ Industrial Talk
၁၀:၅၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ခမ်းနားချမ်းအေးကမ္ဘာအေး ဗီလာထဲကအိမ်ကလေး)
၁၁:၁၅ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ (ဒေါက်တာအေးကျော် ဇီဝကမ္မဗေဒ)
၁၁:၄၀ လုပချစ်စရာလက်မှုအနုပညာ (Sweet Pink)
၁၂:၀၅ **အသိစိတ်ကလေးအရင်းတည်၍** ဖြိုးငွေစိုး၊ ထက်သျှား၊ မိုးပြည့်ပြည့်မောင် ဒါရိုက်တာ-ကြည်စိုး
၁၂:၂၀ ဖန်တီးသူနှင့်အနုပညာ ချမ်းချမ်း(အပိုင်း-၂)
၁၂:၅၀ Orchard Families (အပိုင်း-၁)
၁:၁၅ World of Knowledge (Flight of the Elephant)
၂:၀၀ ရလဒ်ကောင်းများနှင့် Organic
၂:၁၅ ရောင်စုံရသနီယွန်ည
၂:၄၅ ဖွံ့ဖြိုးဝေဆာသပြေတန်းရှာ ခြွေလှေ့စက်လက်မှုပညာ
၂:၅၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
၃:၂၀ မြင့်မြတ်စိတ်ထား ATKI- KEN အားကစား
၃:၅၀ လယ်တီသာသနာ၊ လယ်တီကျောက်စာ
၄:၂၀ ပူဇော်လှူဒါန်းကြာသင်္ကန်း
၄:၃၀ **FIFA U-20 WORLD CUP COLOMBIA 2011 (France Vs Portugal) (Live)**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်အတွင်းရှိ ခုနစ်ရက်ဝိပဿနာတရားစခန်းဖွင့်ပွဲနှင့် အမျိုးသားယောဂီဆောင်ရေစက်ချပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်၊ အေးရိပ်ဝေ မိသားစုက မုံရွာမြို့ ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွား ၇၂ ဦးတို့အား တစ်နေ့တာထမင်းအာဟာရနှင့်ပစ္စည်းများထောက်ပံ့လှူဒါန်း၍ ရိပ်သာအတွင်းရှိ အဆောက်အအုံများ၊ အရိပ်ရအပင်များစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဩဂုတ် ၁၄ရက်က မုံရွာမြို့ ကျောက်ဆောင်ဆိပ်ကမ်း၌ ကျင်းပသော ငါးသယံဇာတပေါကြွယ်ဝရေးကိုရည်ရွယ်လျက် ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ချင်းတွင်းမြစ်အတွင်း ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ခြောက်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ တက်ရောက်အမှာစကားပြောကြားကာ **(အပေါ်ပုံ)** ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလက်ရွေးစင် အမျိုးသားသုံးယောက်တွဲသရုပ်ပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြို့မြို့အနယ်နယ်တွင် ပေးအပ်

၁၆-၈-၂၀၁၁

ရေးမြို့နယ်၌ပေးအပ်

မွန်ပြည်နယ် ရေးမြို့နယ် အထက(၂)တွင်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီးဌာန ဝန်ကြီး နိုင်လဝီအောင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ မော်လမြိုင်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းတို့ ဩဂုတ် ၁၂ ရက်က ရေးမြို့နယ် ဦးစီးဌာနမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ညောင်ရွှေမြို့၌ ပေးအပ်

တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု နန်းသီတာကျေးရွာတွင် ဩဂုတ် ၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဝင်းတင်နှင့် တာဝန်ရှိသူများကြီးကြပ်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မုံးကိုးမြို့၌ ပေးအပ်

မူဆယ်ခရိုင် မုံးကိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုလေးအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ယင်းဝိန်းဆိုင်ကျေးရွာအုပ်စု ကျောင်းခန်းမ၌ တိုင်းရင်းသားပြည်သူ ၁၉၂ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မူဆယ်ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲဝင်းက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဘောင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

တပ်ကုန်းမြို့နယ်၌ ပေးအပ်

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၉နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် တပ်ကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိန်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရာတွင်လည်းကောင်း၊ အိမ်ထောင်စုစာရင်းနှင့်ပတ်သက်၍ ဖြေလျှော့နည်းဖြင့် ဆောင်ရွက်မည့် အစီအစဉ်ကိုလည်းကောင်း ပြည်သူများသို့ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား၁၄၅ ကတ်ကို ဗိုလ်မင်းရောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအုန်းနွဲ့နှင့် ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ဝ၂၁)

နောင်ချို၌ပေးအပ်

နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က နောင်ချိုမြို့ အထက သဇင်ခန်းမ၌ ကျင်းပရာ ကျောက်မဲခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးဝင်းလှိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လှလှဌေးထံ ပေးအပ်စဉ်။ (မြို့နယ်လဝက)

မြန်မာ့အလင်း သတင်းအတိုအထွာ ၁၆-၈-၂၀၁၁

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး မရမ်းကုန်း၌ ဟောပြော

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီက အထက(၂) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းသိန်း၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ရတနာခင်၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး မြေလတ်-တင်ကျော်မိုးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့ ရဲအုပ်မျိုးကြည်တို့ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (ဝ၁၅)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု လားရှိုး၌ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်အဆင့်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ၂၀၁၁ခုနှစ် အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ပြည်နယ် ကြက်ခြေနီရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြီးနောက် အခမ်းအနားသို့တက်ရောက်လာကြသော တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအားသံဓာတ်ဆေးပြား၊ ဗီတာမင်ဘီဝမ်းဆေးပြားနှင့် အိုင်အိုဒင်းဆားများဝေငှခြင်း၊ မူကြိုကလေးငယ်များအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်းနှင့် လက်ဆောင်ပေးဝေခြင်း၊ အိုင်အိုဒင်းဆားများ၏အရည်အသွေး လက်တွေ့စမ်းသပ်စစ်ဆေးပြသမှုများကို ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အုတ်တွင်း၌ထုတ်ပေး

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အုတ်တွင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၅ ရက် နံနက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝင်းလွင်က ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

တီရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု တောင်ငူ၌ဆောင်ရွက်

တောင်ငူခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းကြည်မာနှင့်အဖွဲ့သည် ဩဂုတ် ၉ ရက်က တောင်ငူမြို့နယ်အတွင်း ရေနစ်မြုပ်သော ရပ်ကွက်နှင့် ကျေးရွာများသို့ကွင်းဆင်း၍ တိရစ္ဆာန်များ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရာတွင် ကျွဲ၊ နွား ၂၁၉ ကောင်ကို လည်ချောင်းကွဲ ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် မွေး/ကု)***

သွေးလွန်တုပ်ကွေးကာကွယ်ရေး တောင်ကြီး၌ဟောပြော

သွေးလွန်တုပ်ကွေးရောဂါနှင့်ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြောသရုပ်ပြပွဲကို ဇူလိုင် ၁၅ရက် နံနက် ၈နာရီခွဲက တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ငှက်ဖျားတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာအောင်အောင်မျိုးက သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါအကြောင်းကို အသိပညာပေးဟောပြောပြီး လက်ထောက်ငှက်ဖျားမှူး ဦးမြင့်ငြိမ်းက ခြင်ထောင်ဆေးစိမ်ခြင်းကို သရုပ်ပြသသည်။ ထို့နောက် ကျောင်းကြီးစုရပ်ကွက် နယ်မြေ (၅) မြောက်ပိုင်းရှိ အိမ်ခြေ ၆၂လုံးတွင် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် လောက်လမ်းစားငါးထည့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (၁၈၉)

ငါးသယံဇာတထိန်းသိမ်းရေး ကြို့ပင်ကောက်၌ပညာပေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချစ်စိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ကြိုင်နှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစိုးမင်းအောင်တို့သည် ဇူလိုင် ၁၃ ရက်က မှုခင်းကျဆင်းရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေးအတွက် ကြို့ပင်ကောက်မြို့နယ်၌ ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ ***(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)***

ဇူလိုင် ၂၀ ရက်က ကဝမြို့ပေါ်ရှိ ဈေးနှင့်ရပ်ကွက်များအတွင်း ကုန်စုံဆိုင်များတွင် သက်တမ်းလွန်အစားအသောက်နှင့် ကုန်ပစ္စည်းများရောင်းချခြင်း ရှိ/မရှိကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြသက်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်နှင့်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သန့်ရှင်းသော သောက်သုံးရေရရှိရေး ရေကန်တူးဖော်

ဖျာပုံ ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့မြောက်ပိုင်း ချောင်းတွင်းကျေးရွာ၌ မြို့နှင့်ကျေးလက်ဝန်းကျင် နေထိုင်ကြသောပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် တူးဖော်ပြီးစီးခဲ့သော မြတ်စေတနာရေကန်ကို ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီက ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးစန်းမောင်နှင့်တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

အဆိုပါ သောက်သုံးရေကန်သည် ၂၀ ဒသမ ၆၆ ဧက ကျယ်ဝန်းပြီး အလျားပေ ၁၅၀၀၊ အနံပေ ၆၀၀၊ အမြင့် ၁၀ပေရှိကာ အဆိုပါရေကန်ကို အလှူရှင် ဦးအောင်ဇော်မြင့်နှင့်ဇနီး ဒုတိယဝန်ကြီး ဒေါက်တာ မြတ်မြတ်အုန်းခင်မိသားစုတို့က မတည်ငွေကျပ် ၁၇၇ သိန်း၊ စေတနာရှင် အလှူရှင်ပြည်သူများက လှူဒါန်းငွေ ၃၃၁၉၇၄၂၉ ကျပ် တို့ဖြင့် တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။

တူးဖော်ပြီးစီး

ထို့အပြင် ဖျာပုံမြို့တောင်ပိုင်း (၁၇) ရပ်ကွက်ရှိ ရေကန်ကြီးကိုလည်း တိုးချဲ့တူးဖော်ပြီးဖြစ်ရာ အလှူရှင်ဦးအောင်ဇော်မြင့်နှင့်ဇနီး ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်မိသားစုတို့က မတည်ငွေကျပ် ၁၃၀ ဒသမ ၅ သိန်းနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၈ သိန်းဖြင့် တူးဖော်ပြီးစီးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

လက်တွေ့အသုံးချဆေးဝါး စီမံခန့်ခွဲမှု သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်း အပတ်စဉ်(၉)သင်တန်းဆင်းပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower Level(5) ရှိ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် အလုပ်အမှုဆောင်များက သင်တန်းမှူးချုပ်နှင့် သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်ပြီးနောက် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းမှူးချုပ် ဒေါက်တာမီမီကိုက သင်ကြားပို့ချမှုနှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ပြီး **(အပေါ်ပုံ)** သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(ဆေးနှင့်ဆေးပစ္စည်းကုန်သည်များအသင်း)

ပန်းချီ၊ ပန်းပုကျောင်းဆင်းများ ပန်းချီပြပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

ပန်းချီ၊ ပန်းပုကျောင်းဆင်းညီအစ်ကိုများ စုစည်း၍ (၈)ကြိမ်မြောက် ပန်းချီပြပွဲကို ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ပန်းချီ၊ ပန်းပုကျောင်းဟောင်း၌ ဩဂုတ် ၁၉ရက်မှ ၂၃ရက်အထိ ပြသမည်ဖြစ်သည်။

ပြပွဲ၏အမည်ကို ရောင်စုံမိုးစက်များဟုအမည်ပေးထားပြီး ဝင်းမြင့်မိုး၊ သက်မော်၊ မွန်သက်၊ ကျော်ရှိန်၊ နိုင်သူ၊ ဝင်းသော်၊ မောင်မောင်၊ ငွေကြည်၊ သန်းလှဟန်၊ ဉာဏ်ကျယ်၊ ဘိုနီ၊ ဉာဏ်သိန်း၊ ငြိမ်းလတ်အောင်တို့က စိတ်ကူးရောင်စုံ ဘဝရောင်စုံကို ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်တို့ဖြင့် ပုံဖော်ထားသည့် ပန်းချီကားပေါင်း ၇၀ကို အလှဆင်ပြသသွားမည်ဖြစ်ရာ ပြသရက်အတွင်း နံနက် ၉နာရီမှ ညနေ ၅နာရီအထိ မည်သူမဆို အခမဲ့ဝင်ရောက် လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

(ဝ၄၂)

ပန်းချီဆရာ ဝင်းမြင့်မိုး၏ ကျောင်းမှအပြန်အမည်ရှိ ပန်းချီကား။ (ဝ၄၂)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ရေနံချောင်း၌ဆောင်ရွက်

ရေနံချောင်း ဩဂုတ် ၁၆

ရေနံချောင်းမြို့နယ် ဝက်ဂေါင်းကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ်လ ၄ ရက်က အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်း၊ ရေကန်၊ ရေစည်များအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် ခရိုင်ဆရာဝန်ကြီး ဦးတင်မောင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ် မြို့မဈေးအတွင်းရှိ အိမ်သုံးဆားအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော ဆားများ၌ အိုင်အိုဒင်းပါဝင်မှု ရှိမရှိကို ဩဂုတ် ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဒုတိယဦးစီးမှူး(အခွန်) ဦးဝဏ္ဏထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ရွှေဘို ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့၊ နွယ်ငြိမ်းကျေးရွာ ဘောလုံးကွင်းဆိပ်ကမ်းတွင် ဇူလိုင် ၂၈ ရက် နံနက်က ငါးမြစ်ချင်း ငါးသန် သုံးသိန်း၊ ငါးမြစ်ချင်း ငါးမှုန်ကြီး ငါးသိန်းနှင့် ငါးခုံးမငါးမှုန်ကြီး သုံးသိန်း စုစုပေါင်းကောင်ရေ ၁၁ သိန်းကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခဲ့ကြသည်။ **(ဝဲပုံ)**

ဖြန့်ဝေပေး

အဆိုပါ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဦးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ ရွှေဘိုငါးလုပ်ငန်း စခန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ကျောက်မြောင်းမြို့ အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ခရိုင်အဆင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်များ၊ ဒေသခံရေလုပ်သားများနှင့် နွယ်ငြိမ်းကျေးရွာမူလတန်း ကျောင်းသားကျောင်းသူများတက်ရောက်ခဲ့ကြပြီး ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတထိန်းသိမ်းရေး ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းကာကွယ် စောင့်ရှောက်ပေး လက်ကမ်းပိုစတာငယ်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(ငါးလုပ်ငန်းဦးစီး)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

အမှိုက်များ စည်းကမ်းတကျ စွန့်ပစ်စေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ ကွန်ကရစ်ဈေးပတ်လမ်းပေါ်တွင် ရောင်းချနေသော ပုံကျဈေးသည်များ၏ စည်းကမ်းမဲ့စွန့်ပစ်သောအမှိုက်များမှ အနံ့ဆိုးများ၊ အများသုံးဈေးအိမ်သာမှ ရေဆိုးအနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ရပ်ကွက်တွင်းမှ ကားပွဲစားတန်း ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလွှကုန်းဒေးကြွယ်(က) ရပ်ကွက် သတိပဋ္ဌာန်လမ်း၊ ဇောတိကလမ်းနှင့် သမ္မာဒိဋ္ဌိလမ်းများအတွင်း တရားမဝင် ကားပွဲစားတန်းမှ ကားများသည် လူနေအိမ်ခန်းအပေါက်ဝရှေ့တွင် ရပ်ထားခြင်း၊ ကားရေဆေးခြင်း၊ ပေါ်လစ်တင်ခြင်းများပြုလုပ်သည့်အပြင် ပွဲစားများ၏ အော်ဟစ်ဆူညံသံများကြောင့် ရပ်ကွက်တွင်းနေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါကားပွဲစားတန်းကို သက်ဆိုင်ရာမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

ညှော်နံ့နှင့်မီးခိုးနံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၈)ရပ်ကွက် မဟာဗန္ဓုလလမ်းမပေါ် ၃၉လမ်းနှင့် လမ်း ၄၀ကြား တိုက်အမှတ် ၃၄၀ မြေညီထပ်တွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်မှ ညှော်နံ့၊ မီးခိုးနံ့နှင့် အော်ဟစ်ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူများ

လယ်ယာကုန်ထုတ်အသင်း ထန်းတပင်မြို့နယ်၌ ဖွဲ့စည်း

ထန်းတပင် ဩဂုတ် ၁၆

ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာမူလတန်းလွန်ကျောင်းခန်းမ၌ လယ်ယာကုန်ထုတ်အသင်းဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ် ၁၃ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားသည်။

ပြောကြား

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဦးတင်မြင့်လွင်က ကျေးလက်ဒေသ ဆင်းရဲမှုလျော့နည်းပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကုန်ထုတ်အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဗဟိုသမဝါယမအသင်း လက်ထောက်အထွေထွေမန်နေဂျာ ဦးဆန်းထွန်းက ငွေချေးယူမှုစနစ်နှင့် အသင်းဖွဲ့စည်းပြီးပါက မိမိတို့စုဆောင်းငွေဖြင့် ဆက်လက်ရပ်တည်သွားနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကျေးလက်ဒေသခံတောင်သူများအား တစ်ဧကလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် လယ်မြေဧက ၁၅၈၈ဧကအတွက် ငွေကျပ် ၄၇၆ သိန်းကျော် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ဝ၄၈)

ဒီပဲယင်းမြို့ သစ္စာလမ်း ကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းကို ဩဂုတ် ၅ရက်က အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝေလင်းရှိန်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရှမ်းပြည်နယ်မြောက်/ တောင်ပိုင်းများသို့စျေးကွက်ချဲ့ထွင်လိုသောလုပ်ငန်းရှင်ကြီးများအတွက်အထူးစည်ကားသိုက်မြိုက်စွာကျင်းပမည့်ကုန်စည်ပြပွဲကြီးများ

ကုန်စည်ပြပွဲကြီး ၂၀၁၁ (ရှမ်းပြည်နယ်)

လားရှိုးမြို့ ၊ မြို့တော်ခန်းမ — ၂၁.၉.၁၁ မှ ၂၅.၉.၁၁
ပြခန်းစုံစမ်းရန် SMART BUSINESS GROUP - Ph : 01 527583 ,0973014777
တောင်ကြီးမြို့ ၊ မြို့တော်ခန်းမ — ၁၉.၁၀.၁၁ မှ ၂၃.၁၀.၁၁

ဝန်ထမ်းအလိုရှိသည်

1.Senior Nurse F/M(8) Posts
- B.N.Sc / Dip: in Nursing
- Minimum (3) years experience in Hospital
- Good Communication and Hospitality Skills

2.Nurse F/M(20) Posts
- B.N.Sc / Dip: in Nursing
- Minimum (2) years experience in OT/HD/ICU/CCU
- Good Communication and Hospitality Skills

3. Midwife F(5) Posts
- Dip in Midwifery
- Minimum (2) years experience in related Field
- Good Communication Skill

KMD Computer Centre
Quality Management System ISO 9001:2008 ထောက်ခံရ
(မြေနီကုန်း Centre) Enroll Now !
• University of Greenwich(UK) ၏ B.Sc(Hons)Degree သင်တန်းများ
• Software, Networking နှင့် Web Development ဆိုင်ရာ ကျွမ်းကျင်သင်တန်းများ

RUBY 09-51-77212 535100 , 519100

ပြင်ဆင်ဖတ်ရှုပါ

၉-၇-၂၀၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၁၅)ပါ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် မော်လမြိုင် မန္တလေးရပ် အကွက်အမှတ် (၃၀)အစား အကွက်အမှတ် (၃၆)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊
မော်လမြိုင်မြို့

အထွေထွေ ကိုယ်စားလှယ်ပါဝါ ရုပ်သိမ်းခြင်း

၁၃/ကလန(နိုင်) ၀၁၂၇၁၃ ကိုင်ဆောင်သူ ကျွန်မ ဒေါ်မိမိစိုးက ၁၃/တကန(နိုင်) ၁၁၅၁၄၄ ကိုင်ဆောင်သူ ဦးတင်ကိုအား တောင်ကြီးမြို့ ရေအေးကွင်းရပ် အောင်သုခ မြေနေရာအား ၁၇-၉-၂၀၀၈ရက်ပါ သဘောတူစာချုပ်နှင့် ၂၄-၈-၂၀၁၀ရက်ပါ လုပ်ငန်းကိစ္စအဝဝ ကိုယ်စားလှယ်ပါဝါလွှဲအပ်ခြင်းကို ယနေ့မှစ၍ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မိမိစိုး
၁၃/ကလန(နိုင်)၀၁၂၇၁၃

သင့်သွေးဖြင့်အသက်ကယ်ပါ

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

Universal Link Service Co, Ltd.မှ စီစဉ်မှုဖြင့် Present in style အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်များတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဦးအောင်သိန်းထွန်း (System Engineer & Technical Trainer, London School of Management College, London) (Microsoft Certified Trainer-MCT, Microsoft Certified System Engineer-MCSE, Microsoft Certified System Administrator - MCSA & Microsoft Certified Professional (MCP) & Member of British Computer Society (MBCS), UK က Present in Style (Train the Trainer's Presentation, Sales/Marketing & Public Speaking Skills Advanced Workshop) အမည်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်နေသူများ၊ မိမိအဖွဲ့အစည်းများအတွင်း၌ Capacity Building & Human Resource Development အတွက် သင်တန်းများ ပြန်လည်ပို့ချပေးနေသူများ၊ Sales & Marketing ဘာသာရပ်များကို သင်ကြားပို့ချ နေသူများအတွက် Presentation, Training, Teching, Inspiration, Motivation, Persuation, Leading and Marketing Skills များ ပိုမိုတိုးတက်ကောင်းမွန်မည်ဖြစ်ကာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူ များအား အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြု Completion Certificate ကို ပေးအပ်မည်ဖြစ်ကြောင်းနှင့် တက်ရောက်လိုသူများသည် Unicersal Link Service Co,Ltd. ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ UMFCCI Office Tower ၉ လွှာ အခန်းအမှတ် ၁၀၀၄ ဖုန်း-၀၉-၇၃၁၃၂၃၆၄၊ ၀၁-၂၁၈၄၀၅၊ ၀၁-၂၁၈၄၀၆ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ညောင်ဦးမြို့နယ် ငါ့မင်းမေးကျေးရွာတွင် အလျှုရှင်စက်ရေတွင်း တူးဖော်ပြီးစီးမှုကို ဩဂုတ် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြံခင်းမြို့နယ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေး

နေပြည်တော် ဩဂုတ် ၁၆

ရောကြံခင်း ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်သည် ကြံခင်းမြို့နယ်အတွင်း မိုးစပါးစိုက် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ရွှေ့တန်းစခန်း နယ်မြေအလိုက် ထုတ်ပေးခြင်းလုပ်ငန်းများကို ဩဂုတ် ၅ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)** ဩဂုတ် ၉ ရက်တွင် ဘက်ရဲရွှေ့တန်း စခန်းနယ်မြေရှိ တောင်သူများအား ဘက်ရဲမြို့ မိုယ်းကောင်းဘုရားကြီး ဓမ္မာရုံ၌ ချေးငွေများပေးအပ်ပြီး ကြံခင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ငွေပဒေသာပင် ငွေကျပ်သုံးသိန်းကို ရောကြံခင်း ဆန်စပါးအထူးပြုကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးကျော်စိုးက ပေးအပ်ရာ ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးသန်းကလည်းကောင်း၊ ဘက်ရဲတိုက်နယ်ဆေးရုံအတွက် ငွေပဒေသာပင် ငွေကျပ်သုံးသိန်းကို ဖြိုးစည်သူကျွန်းစိုက်ခင်းမန်နေဂျာ ဦးအောင်မင်းက ပေးအပ်ရာ ဆေးရုံကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းကလည်းကောင်း လက်ခံသည်။

ရောကြံခင်းဆန်စပါးအထူးပြုကုမ္ပဏီသည် ကြံခင်းမြို့နယ်အတွင်း ရွှေ့တန်းစခန်း နယ်မြေလေးခုရှိ အုပ်စု ၃၁ အုပ်စုအတွင်း နေထိုင်သည့် မိုးစပါးစိုက်တောင်သူ ၄၂၁၃ ဦးအား တစ်ဧကလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စိုက်ပျိုးဧက ၁၁၄၅၄ အတွက် ငွေကျပ် သိန်း ၃၄၃၆ ဒသမ ၂၀ ကို ပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဘဘိုးမင်းခေါင်ပွဲသို့ ရွေကြေးငည်

စစ်ကိုင်းတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းကျော်မျိုး မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဂရ-လက်ပန်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်တို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအခမ်းအနား ဒလမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ဒလမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအခမ်းအနားကို ဩဂုတ် ၁၂ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ထူးလှိုင်က လုပ်ငန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းဝင်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

SSA (ဝမ်ဟိုင်း)အဖွဲ့က စျေးအတွင်း ဝင်ရောက်ပစ်ခတ်မှုကြောင့် ကလေးငယ်နှစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ငါးဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၁၆

SSA (ဝမ်ဟိုင်း)အဖွဲ့သည် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်ကာ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်လုပ်ရပ်များကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ် မန်စန့်ကျေးရွာရှိ အဖိတ်စျေးနေ့ စျေးအတွင်း စျေးသွားစျေးလာများ စည်ကားလျက်ရှိနေစဉ် SSA (ဝမ်ဟိုင်း)အဖွဲ့က ဝင်ရောက်ပစ်ခတ်ခဲ့ရာမှ ၄၀ မမ ဗုံးသီးခြောက်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ကလေးငယ်နှစ်ဦးဖြစ်သည့် မောင်စိုင်းခမ်းပန်(၆)နှစ် နှင့် မနန်းမွေခေါင် (၁၀)နှစ်တို့ အပါအဝင် မနန်းရွှေစိန် (၂၃)နှစ်၊ ဦးလုံးမောင် (၄၀)နှစ်နှင့် ဦးလုံးစော (၄၀)နှစ်တို့ ငါးဦး ဗုံးစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး မန်စန့်ရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းအုန်း၏နေအိမ် မီးလောင်ပျက်စီးခဲ့သည်။

ကူညီစောင့်ရှောက်

ဒဏ်ရာရရှိသူများအား မိုင်းရယ်ဆေးရုံနှင့် လားရှိုးဆေးရုံတို့သို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

17-8 (12).pmd 1 8/17/2011, 2:21 AM

စာပေဟောပြောပွဲ သရက်မြို့၌ကျင်းပ

သရက် ဩဂုတ် ၁၅

သရက်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ကုန်သည်ကြီးများအသင်းတို့၏ပံ့ပိုးမှုဖြင့် စာပေဟောပြောပွဲကို ဩဂုတ် ၁၂ရက် ည ၈နာရီက သရက်မြို့ သတ္တဌာနဘုရား ယဉ်ကျေးမှုကဇာတ်ရုံကြီးအတွင်း ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါစာပေဟောပြောပွဲတွင် စာရေးဆရာ မောင်သာချို (ဂျက်-ကွမ်းခြံကုန်း)နှင့် စာရေးဆရာဦးချစ်ဦးညိုတို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး မိုင်းဖြတ်၌ အသိပညာပေးဟောပြော

မိုင်းဖြတ် ဩဂုတ် ၁၅

မိုင်းဖြတ်မြို့နယ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက အထကသိပ္ပံခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးကြည်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးမင်းသန်းက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများအကြောင်းဟောပြောပြီး မြို့နယ်ဥပဒေအရာရှိ ဦးတင်မောင်လွင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ဟောပြောသည်။

ဆက်လက်၍ မူးယစ်အထူးအဖွဲ့မှ ဒုတိယရဲအုပ် အောင်မင်းသန်းက မူးယစ်ဆေးဝါးနှင့်အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများအကြောင်း ဟောပြောပြီး **(အပေါ်ပုံ)**၊ ခရိုင်ဥပဒေအရာရှိ ဦးသန်းထွန်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် သိကောင်းစရာများ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

နို့စားနွား မွေးမြူသူများအစုအဖွဲ့ ဖွဲ့စည်းရေး လုပ်ငန်းညှိနှိုင်း

ပြည် ဩဂုတ် ၁၅

ပြည်မြို့နယ်တွင် နို့စားနွားမွေးမြူသူများအစုအဖွဲ့ ဖွဲ့စည်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီက ခရိုင်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ပြန်လည်ဆွေးနွေး

အခမ်းအနားတွင် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာအောင်သန်းဝင်းက နို့စားနွားမွေးမြူသူများအစုအဖွဲ့ ဖွဲ့စည်းရေးညှိနှိုင်းဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဇူလိုင် ၁၃ရက်က ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ငါးသယံဇာတ ထိန်းသိမ်းရေး ဟိုင်းကြီးကျွန်း၌ ညှိနှိုင်းဆွေးနွေး

ဟိုင်းကြီးကျွန်း ဩဂုတ် ၁၅

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတထိန်းသိမ်းရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲနှင့် ကျေးလက်ဒေသ ငါးဖမ်းကုန်ထုတ်အဖွဲ့ ဖွဲ့စည်းရေး ဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ဟိုင်းကြီးကျွန်းမြို့နယ် မြို့သစ်အုပ်စုကန့်ဘလာကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းကိုကိုဦးနှင့် ဒုတိယဦးစီးမှူး ဦးအုန်းလွင်တို့က ဟိုင်းကြီးကျွန်းမြို့နှင့် ကျေးလက်ဒေသများရှိ ငါးထုတ်လုပ်သူများအနေဖြင့် ငါးထုတ်လုပ်မှုဖွံ့ဖြိုးရေးနှင့် ငါးဖမ်းကုန်ထုတ်အဖွဲ့ ဖွဲ့စည်းရေး စုပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

နောင်ချိုမြို့နယ်၌ အိုင်အိုဒင်းဆားစစ်ဆေး

နောင်ချို ဩဂုတ် ၁၅

အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းဓာတ် ပါဝင်သောဆားများ ရောင်းချခြင်း ရှိမရှိကို ဩဂုတ် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကြီးကြပ်ဆောင်ရွက်

သနပ်ပင်မြို့ ဇမ္ဗူရာဇ်လမ်းဘေးနှင့် မြို့ရှောင်လမ်းဘေးဝဲယာတစ်လျှောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဩဂုတ် ၅ ရက်က မြက်များရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဟသ်ာတမြို့ ငဝန်မြစ်ရေကာတာ တာမိုင်(၉/၀)ရှိ ရေကင်းတဲအမှတ် (၄) တွင် ရေဘေးအန္တရာယ်ကာကွယ်ရေး ဟောပြောပွဲကို ဇွန် ၂၄ ရက်က ကျင်းပရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်က ရေဘေးကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် တာပေါ်ရေလျှံခြင်းအတွက် ကန်သင်းဆင့်ခြင်း၊ တာအိတာလျှောခြင်းအတွက် တုတ်တန်းရိုက်သဲအိတ်ချကာကွယ်ခြင်း၊ ရေပေါက်ပေါက်ခြင်းအတွက် ရေခွေခွေခြင်း၊ သဲဗွက်ထခြင်းအတွက် ရေခွေဖြင့်ကျောက်စရစ်ချကာကွယ်ခြင်းလုပ်ငန်းများကို ပညာပေးဟောပြောစဉ်။ (ဆည်မြောင်းဦးစီး)

မြို့နယ်သတင်း ထွေတလာ

ဝါးခယ်မမြို့ မြို့မဈေးကြီးအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းမြင့်ဟန်၊ မြို့နယ်ကျန်းမာရေးအရာရှိဒေါက်တာဒေါ်ခင်အေးရီနှင့် ဝန်ထမ်းများ ဇူလိုင် ၃၁ ရက်က ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းဆားပါဝင်မှု ရောင်းချခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဟားခါးမြို့၌ ရေဖူလုံစွာရရှိရေး ရေကန်အသစ် တည်ဆောက်

ဟားခါး ဩဂုတ် ၁၅

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဈေးဟောင်းရပ်ကွက်နေပြည်သူများ ရေဖူလုံစွာရရှိရေးအတွက် ရေလှောင်ကန်တည်ဆောက်နေမှုကို ဩဂုတ် ၃ ရက်က အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလိန်းနိုင်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကချင်ပြည်နယ်အတွင်း မငြိမ်မသက်ဖြစ်ပွားလာပြီး ပြည်နယ်တည်ငြိမ်အေးချမ်းမှု အားနည်းလာ နှစ်ဖက်သောခေါင်းဆောင်များမှ မေတ္တာ၊ ကရုဏာရှေ့ထားပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ကြိုးပမ်း

နေပြည်တော် ဩဂုတ် ၁၆

ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုကိုယ်စားလှယ်များဖြစ်ကြသော တိုင်းလုံမျိုးနွယ်စုမှ ဦးစိုင်းမောင်ရွှေ၊ ဦးစိုင်းယီကျန်၊ ဦးစိုင်းထွန်းဖေ၊ ဦးစိုင်းအိုက်ပုနှင့် ဦးစိုင်းအိုက်၊ တိုင်းခမ်းတီးမျိုးနွယ်စုမှ ဦးစောနွဲ့ ဆားတော်နှင့် ဦးစောဆွေ၊ တိုင်းလိုင်မျိုးနွယ်စုမှ ဦးမြတ်ခိုင်၊ ဦးခင်အောင်နှင့် ဦးစိုင်းစိန်အုန်း၊ တိုင်းဆာမျိုးနွယ်စုမှ ဦးမာဂမ်၊ တိုင်းလေမျိုးနွယ်စုမှ ဦးစိုင်းအောင်စိန်တို့ (၁၂)ဦး စုပေါင်းလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ၂၀၁၁ ခုနှစ် ဇူလိုင်လ (၂၄) ရက်တွင် ထာဝရငြိမ်းချမ်းရေးရရှိအောင် အသနားခံတင်ပြခြင်းခေါင်းစဉ်ဖြင့် တင်ပြစာတစ်စောင်အား ပေးပို့ခဲ့ကြောင်း သိရှိရသည်။ အဆိုပါတင်ပြစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကချင်ပြည်နယ်အတွင်း ကချင်မျိုးနွယ်စုများဖြစ်သည့် ဂျိန်းဖော၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါး၊ ရှမ်းမျိုးနွယ်စုများဖြစ်သည့် တိုင်းလိုင်၊ တိုင်းဆာ၊ တိုင်းလေ၊ တိုင်းလုံ၊ တိုင်းခမ်းတီး၊ ဗမာနှင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများမှာ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ မှီတင်းနေထိုင်ကြပြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဝမ်းသာအားရ စွာဖြင့် ခံစားခဲ့ကြရပြီး ဖြစ်ပါသည်။

၂။ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးအဖွဲ့များ၏ မေတ္တာစေတနာဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပြည်နယ်အတွင်းတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် စိတ်ချမ်းမြေ့စွာနေထိုင်ခဲ့ပြီး မျိုးနွယ်စုအလိုက်၊ မိသားစုအလိုက် လူမှုရေး၊ စီးပွားရေးကိစ္စများကို အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

၃။ ယခုကချင်ပြည်နယ်အတွင်း မငြိမ်မသက် ဖြစ်ပွားလာပြီး ပြည်နယ်တည်ငြိမ်အေးချမ်းမှု အားနည်းလာသည့်အတွက် လက်ရှိနေထိုင်လျက်ရှိသည့် ပြည်နယ်သူ ပြည်နယ်သားအားလုံးသည် ကိုယ်စိတ်နှလုံးချမ်းမြေ့မှု အပြည့်အဝမခံစားနိုင်ကြတော့ပါ။

၄။ သို့ဖြစ်ပါ၍ နှစ်ဖက်သောခေါင်းဆောင်များမှ မေတ္တာကရုဏာရှေ့ထားပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများမှ အထူးအသနားခံ တင်ပြအပ်ပါသည်။

ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုကိုယ်စားလှယ်များ

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း (၄၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့

နေပြည်တော် ဩဂုတ် ၁၆

အင်ဒိုနီးရှားသမ္မတနိုင်ငံ မာနာဒိုမြို့၌ ဩဂုတ် ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း အင်ဒိုနီးရှားသမ္မတနိုင်ငံ မာနာဒိုမြို့၌ ကျင်းပသည့် (၄၃)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

စပိန်စူပါဖလား ဒုတိယအကျော့ ဒီလေးနှင့် မက်ဆီ ဘယ်သူဂိုးသွင်းမလဲ

မောင်မောင်မြင့်ဆွေ စုစည်းသည်

မက်ဒရစ် ဩဂုတ် ၁၆

စပိန်စူပါဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ဩဂုတ် ၁၇ ရက် (ယနေ့)၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စီရိုနယ်ဒိုနှင့် မက်ဆီတို့ မည်သူ ဂိုးသွင်းမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်၌ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့ကြသည်။

ပထမအကျော့ပွဲစဉ် ကစားရာတွင် ဘာစီလိုနာအသင်း၌ နိုင်ငံတကာပွဲငါးပွဲ ပါဝင်မကစားခဲ့သည့် မက်ဆီ ပြန်လည် ပါဝင်ကစားခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းက ပွဲစသည်နှင့် အိုဇယ်လ်၏ အဖွင့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဘာစီလိုနာမှ ဒေးဗစ်ဗီလာက ချေပဂိုး သွင်းယူခဲ့သည်။ ထို့နောက် ပထမပိုင်း ပွဲချိန်ပြည့်ခါနီး၌ မက်ဆီက တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ ပထမပိုင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ဒုတိယပိုင်း ပွဲချိန် အတွင်း ရီးရဲမက်ဒရစ်အတွက် ချေပဂိုးကိုအလွန်ဆိုက သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးစီ သရေပွဲ ဖြစ်သွားခဲ့သည်။ ယခုပွဲတွင် ရီးရဲမက်ဒရစ်တို့ ဂိုးသွင်းခွင့် အခွင့်အရေးများ ပိုမိုရရှိခဲ့သော်လည်း အဆုံးသတ် ဂိုးသွင်းမှုများ အားနည်းခဲ့၍ အနိုင်မရရှိခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာ ကစားသမားများ၏ ခြေစွမ်းကို မိမိ အားမရကြောင်း၊ လိုအပ်ချက်များစွာရှိနေကြောင်း၊ စပိန်စူပါဖလားရရန် မလွယ်ကြောင်း ဂွါဒီယိုလာက ထုတ်ဖော်ဝေဖန်ခဲ့သည်။ ယခုပွဲ၌ ရီးရဲမက်ဒရစ် အနိုင်ဂိုးများသွင်းယူမည်ဟု ပြောကြားခဲ့ရာ တောင်ပံကစားသမား စီရိုနယ်ဒိုက မက်ဆီနှင့်အပြိုင် ကြိုးစားရမည်ဖြစ်သည်။

ဒီလေးနှင့် မက်ဆီတို့၏ ကစားဟန်။

(အင်တာနက်)

အားကစားသတင်းအတိုအထွာ

- ***မန်ယူအသင်းတွင် ဗီဒစ်၊ ဖာဒီနန်နှင့် ဒါလ်ဆေးဗားတို့ ဒဏ်ရာရရှိထားသဖြင့် ပရီမီယာလိဂ်ပွဲစဉ်အချို့၌ ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း ဖာဂူဆန်က ဩဂုတ် ၁၆ ရက်၌ ပြောကြားသည်။***
- ***ဩဂုတ် ၁၆ ရက် နံနက်က ပရီမီယာလိဂ်ပွဲစဉ်အဖြစ် တန်းတက်ဆွမ်းဆီးအသင်းကို လေးဂိုးပြတ်အနိုင်ရရှိသည့် မန်စီးတီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ဖလားကိုရယူမည့် ခြေစွမ်းရှိကြောင်း မိတ်ဆက်ပြသခြင်းဖြစ်သည်ဟု နည်းပြမန်စီနီက ပြောကြားသည်။***
- ***အသက် ၃၁ နှစ်အရွယ်ရှိ စပါးတိုက်စစ်မှူး ရော်ဘီကိန်းသည် အမေရိကန် မေဂျာလိဂ်အသင်းဖြစ်သည့် အယ်လ်အေဂလက်စီအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၃ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီခဲ့ပြီဖြစ်သည်။***
- ***မန်ယူအသင်းက နယူးကာဆယ်ကွင်းလယ် ကစားသမား တီအိုတေအား ပေါင် ၁၄ သန်းပေးပြီး ခေါ်ယူရန် စီစဉ်လျက်ရှိသည်။***
- ***ဩဂုတ် ၂၇ ရက်၌ စတင်မည့် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ၌ ဗြိတိန်မီတာ ၁၀၀ အပြေးသမား မိုက်လူးဝစ်ဖရန်စစ်အား ကြံ့ခိုင်မှုမရှိသဖြင့် မရွေးချယ်ကြောင်း ဗြိတိန်ပြေးခုန်ပစ်အဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။***
- ***ဗြိတိန်နိုင်ငံသား လိုက်ဖ်ဝယ်တာဝိတ် လက်ဝှေ့ချန်ပီယံ အမီယာခမ်က လာမည့် ၁၂ လအတွင်း မေဝဲသာနှင့် ထိုးသတ်မည်ဖြစ်ကြောင်း ဩဂုတ် ၁၆ ရက်၌ စိန်ခေါ်လိုက်သည်။*** *(အင်တာနက်)*



နွေရာသီ တက္ကသိုလ်များအားကစားပြိုင်ပွဲ အလေးမ၌ အင်ဒိုနီးရှားမှ ဒီနီအနိုင်ရ

ရှန်ဇန်း ဩဂုတ် ၁၆

(၂၆)ကြိမ်မြောက် နွေရာသီ နိုင်ငံတကာ တက္ကသိုလ်များ အားကစားပွဲတော်ကို တရုတ်နိုင်ငံ ရှန်ဇန်းမြို့၌ စတင်ကျင်းပလျက်ရှိရာ ဩဂုတ် ၁၅ ရက်ကယှဉ်ပြိုင်သော အမျိုးသား ၆၉ ကီလို အလေးမပြိုင်ပွဲ၌ အင်ဒိုနီးရှားမှ ဒီနီက စုစုပေါင်း ၃၂၀ ကီလိုမပြီး ပထမရရှိခဲ့သည်။ ***(အပေါ်ပုံ)***

တောင်ကိုရီးယားမှ ဂျွန်ဆစ်ဝန်က စုစုပေါင်း ၃၁၈ ကီလိုမပြီး ဒုတိယရရှိကာ အီဂျစ်မှ မိုဟာမက်ဆူလ်တန်က ၃၁၂ ကီလိုမပြီး တတိယရရှိခဲ့သည်။ ယခုအားကစားပွဲတော်သို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၂ နိုင်ငံမှ အားကစားမောင်မယ် ၈၀၀၀ တို့ ပါဝင်ဆင်နွှဲလျက်ရှိသည်။ ယခုအားကစားပွဲတော်တွင် အားကစားနည်းမျိုးပေါင်း ၂၄ မျိုးကို ပါဝင်ဆင်နွှဲလျက်ရှိသည်။

(အင်တာနက်)